# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ယောကျ်ားအာဇာနည်**

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြွင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 19 July 2022 ၁၀၈၀၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကြေးမုံ

# အာဇာနည်များကို ကျေးဇူးဆပ်၍ တိုင်းပြည်ကောင်းကျိုးဆောင်ကြဉ်း

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် တိုင်းရင်းသားပြည်သူအားလုံး မမေ့နိုင်သည့် အာဇာနည်နေ့ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်တိုင်ရှိပြီဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စား ကြိုးပမ်းအားထုတ်မှုများနှင့် ကျေးဇူးများကို ယနေ့ထိတိုင်သာမက ကမ္ဘာတည်သရွေ့ မေ့နိုင်လိမ့်မည်မဟုတ်ပေ။

မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် အခြယ်လှယ်ခံ၊ အဖိနှိပ်ခံဘဝဖြင့် နေခဲ့ရသည်။ သူ့ကျွန်မခံလိုသော မြန်မာမျိုးချစ်တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အသက်သွေးချွေးရင်းနှီးပေးဆပ်ကာ နည်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြသည်။ ယင်းမျိုးချစ်အပေါင်းတို့တွင် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှ မြန်မာတစ်မျိုးသားလုံးကိုစုရုံးပြီး သူမတူအောင် ပြောင်မြောက်စွာ စွန့်စားတွန်းလှန်ခဲ့သောခေါင်းဆောင်တစ်ဦးမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် တစ်တိုင်းပြည်လုံးကို စည်းလုံးကာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလိုတွင် မသမာသူလက်ချက်ဖြင့် ရေတိမ်နစ်ခဲ့ရသဖြင့် ပြည်သူအားလုံး နှမြောတသဖြစ်ကြရသည်။

သို့သော် ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် လွမ်းဆွတ်နေရုံမျှဖြင့်၊ သတိရနေရုံမျှဖြင့် မပြီးသေးပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်မှသာလျှင် အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုရာ၊ အောက်မေ့သတိရရာ၊ သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်ပေလိမ့်မည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်မှာကြားချက်များနှင့် ကိုက်ညီသည့် နိုင်ငံတော်ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကြိုးပမ်းအားထုတ်ခဲ့သော စည်းလုံးညီညွတ်မှုကို မပျက်ပြားအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ အသက်ပေး၍ ရယူပေးခဲ့သော လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတော်အဖြစ် နှစ်ပေါင်း ၇၀ ကျော် ရပ်တည်နေသော်လည်း စည်းလုံးညီညွတ်ရေးအားနည်းမှု၊ အယူဝါဒနှင့် ခံယူချက်များ လွဲမှားမှု၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ နားလည်မှု အားနည်းမှု၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ ကြီးမားမှုများကြောင့် ခါးသီးသောဖြစ်ရပ်များကို ကြုံတွေ့ခံစားနေကြရဆဲဖြစ်သည်။ သို့ဆိုပါလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှာကြားချက်များကို လိုက်နာမှုပျက်ကွက်နေခြင်းဖြစ်ပြီး ကျေးဇူးဆပ်ရာလည်း မရောက်နေသည်ကို သတိမူရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုလျော့နည်းပြီး အချင်းချင်း မညီညွတ်ကြသဖြင့် ဖြစ်ပေါ်လာသောဆိုးကျိုးများကြောင့် နိုင်ငံနှင့်ပြည်သူအားလုံး ထိခိုက်နစ်နာမှုများဖြစ်နေကြရသည်ကို သတိချပ်ရမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား လေးစားတန်ဖိုးထားသောအားဖြင့်လည်းကောင်း၊ ချစ်ခင်မြတ်နိုး သတိရသောအားဖြင့်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ မှာကြားချက်များကို တတ်နိုင်သမျှ လိုက်နာဆောင်ရွက်သင့်ပါသည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်၍ စည်းလုံးညီညွတ်မှု တည်ဆောက်ကြရပါမည်။ တစ်တိုင်းပြည်လုံး တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းဆောင်ရွက်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာအောင် ဦးစွာ ငြိမ်းချမ်းရေးကိုရယူကြရမည်ဖြစ်သည်။ တစ်တိုင်းပြည်လုံး ငြိမ်းချမ်းသာယာဝပြောခြင်း၊ ကြီးပွားချမ်းသာခြင်းသည် ကောင်းသောမင်္ဂလာရှိသည့် ကောင်းသောအမှုများဖြစ်၍ စိတ်ကောင်းနှလုံးကောင်းသွင်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ညီညွတ်ခြင်းသည် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးစေနိုင်ပြီး မညီညွတ်ခြင်းသည် ပြိုကွဲပျက်စီးခြင်းသို့ရောက်ရှိကာ တိုင်းပြည်နှင့်လူမျိုးများအားလုံးသာ ထိခိုက်နစ်နာဆုံးရှုံးစေပါသည်။ မြန်မာနိုင်ငံသမိုင်းကြောင်းကိုကြည့်လျှင် လွတ်လပ်ရေးရပြီးကတည်းက မညီညွတ်မှုများနှင့် မငြိမ်းချမ်းသောအဖြစ်များကို ကြုံတွေ့နေရဆဲဖြစ်သည်။ မညီညွတ်လျှင် ထိခိုက်နစ်နာကြရသူများမှာ ပြည်သူအချင်းချင်းဖြစ်ပြီး ဝမ်းမြောက်နေကြသူများမှာ မည်သူတို့ဖြစ်နေသည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ ထိုအခါ နိုင်ငံသည် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားထားသကဲ့သို့ လွတ်လပ်ပင်လွတ်လပ်သော်ငြားလည်း လွတ်လပ်ရေးအသီးအပွင့်များကို မခံစားရသည့်ဘဝ၊ သူတစ်ပါးလက်ဝေခံဘဝ၊ သူတစ်ပါးကို မျက်နှာချိုသွေးနေရသည့်ဘဝဖြင့် သူတစ်ပါးနိုင်ငံနောက် အောက်ကျနောက်ကျဖြစ်နေပေလိမ့်မည်။

သို့ဖြစ်ရာ (၇၅) နှစ်မြောက် အာဇာနည်နေ့အချိန်ကာလတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ကျေးဇူးဆပ်သောအားဖြင့်၊ လေးစားတန်ဖိုးထားသောအားဖြင့်၊ သတိရသောအားဖြင့် နိုင်ငံထူထောင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အမုန်းတရားများ၊ အာဃာတတရားများဖယ်ရှား၍ ပြည်သူအားလုံး စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းအား ဆော့ဖ်ဝဲဖြင့် ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်

**ထန်းတပင် ဇူလိုင် ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံး၌ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) များအား ဆော့ဖ်ဝဲ ရိုက်သွင်းခြင်းလုပ်ငန်းများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"အိမ်ထောင်စု လူဦးရေစာရင်း ၃၆၇၁၉ ခုကို သတ်မှတ်ရက် ၄၅ ရက်အတွင်းမှာ ဆော့ဖ်ဝဲ ရိုက်သွင်းတဲ့လုပ်ငန်း ပြီးစီးအောင်လို့ ဆောင်ရွက်သွားမှာပါ။ လက်ရှိလုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းတွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးဝန်ထမ်းတွေနဲ့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းတွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ထန်းတပင်မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက ရှင်းပြသည်။

လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကာ သတ်မှတ်ရက်အတွင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## သီပေါမြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်းဆောင်ရွက်

**သီပေါ ဇူလိုင် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မြို့ဟောင်းကျေးရွာရှိ စိုက်ပျိုးရေး ဦးစီးဌာန၏ သီပေါဥယျာဉ်ခြံ၌ ယမန်နေ့နံနက်ပိုင်းက နေကြာမျိုးစေ့ထုတ်လုပ်ခြင်း၊ နည်းပညာသင်တန်းပေးခြင်းနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်ပင်) ထယ်ထိုးမြေမြှုပ်ခြင်း၊ လက်တွေ့ကွင်းဆင်း သရုပ်ပြခြင်းတို့ကို ပြုလုပ်ခဲ့သည်။

**အသိပညာပေး**

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး သီပေါမြို့နယ်တာဝန်ခံ ဥယျာဉ်ခြံဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများအား နေကြာမျိုးစေ့ထုတ်လုပ်ခြင်း၊ အသိပညာပေးခြင်းနှင့် ပိုက်ဆံလျှော်ပင် ထယ်ထိုးမြေမြှုပ်ခြင်းတို့ကို လက်တွေ့ပြသ၍တောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

၂၁၀

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၇-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၁၃၁ | ၉၆၅,၉၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၁,၃၀၂ | ၃,၃၈၂,၈၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၅၃ | ၃၅၆,၉၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၂၀ | ၃၅၀,၀၀၀ |
| TMH | ၂,၀၅၀ | ၂,၅၀၀ | ၁၅၉ | ၃၂၇,၇၅၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၄ | ၁၀,၂၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၇၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၆၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၅၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၄၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၄.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၄.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၈.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်





နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆ ခုနှစ် ) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ် နိုင်ငံတကာ ဆက်ဆံရေးနှင့် သံခင်းတမန်ခင်းတွင် သံတမန်နည်းလမ်းသွယ်-၂ သည် ယခင်ကထက် ပိုမိုအရေးပါကာ အသိပညာရှင်အဖွဲ့များ၏ ကွန်ရက်နှင့် အခန်းကဏ္ဍသည် များစွာ ကျယ်ပြန့်နက်ရှိုင်းနေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ လက်ရှိ နိုင်ငံတကာဆက်ဆံရေးစိန်ခေါ်မှုများတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အနေဖြင့် မဟာဗျူဟာကျသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ အနေဖြင့် ပြည်တွင်း ပြည်ပရှိ အသိပညာရှင်များ၊ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး အတွေးအခေါ်နှင့် အသိပညာဗဟုသုတများ ဖလှယ်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိမည့် မူဝါဒရေးရာ အဆိုပြုချက်များ၊ အကြံပြုချက်များ ဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အရာထမ်း/အမှုထမ်းများအတွက် အဆင့်အမျိုးမျိုးသော သင်တန်းများတွင် ပညာရပ်နှင့် ဘာသာရပ်ဆိုင်ရာတို့တွင် ပံ့ပိုးကူညီပေးသွားရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့အနေဖြင့် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေးစသည့် ဘာသာရပ်နယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုးဖောက်သွားနိုင်ရန် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆)ကို အတွေ့အကြုံ ဗဟုသုတများကြွယ်ဝသည့် ဒုတိယဝန်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီး၊ နိုင်ငံခြားရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေးစသည့် ဘာသာရပ်များအလိုက် ပညာရှင်များ၊ ကျွမ်းကျင်သူများသည် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အဖွဲ့၏ရည်ရွယ်ချက်မှာ လက်ရှိဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကို လေ့လာသုံးသပ်၍ သုတေသနပြုကာ အတွေးအခေါ်သစ်များနှင့် မူဝါဒရေးရာ အကြံပြုချက်များ ဖော်ဆောင်နိုင်ရန်နှင့် သံတမန် နည်းလမ်းသွယ်-၂ ကို ထိရောက်စွာ အသုံးပြု၍ နှစ်ဖက်အကျိုးတူ စိတ်ပါဝင်စားသည့် ကိစ္စရပ်များနှင့် စိုးရိမ်မကင်းဖြစ်ရသည့် ကိစ္စရပ်များတွင် ပြည်တွင်းပြည်ပရှိ အသိပညာရှင်အဖွဲ့များနှင့် ရင်းနှီးနွေးထွေးစွာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ကို ယခင်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနအမည်ဖြင့် ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် လက်ရှိအမည်ဖြင့် ပြန်လည်ဖွဲ့စည်းတည်ထောင်ကာ လေးနှစ်သက်တမ်းရှိသည့် ဘုတ်အဖွဲ့များဖြင့် စဉ်ဆက်မပြတ် ဖွဲ့စည်းထားရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထားရှိသည့် အသိပညာရှင်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆ ခုနှစ်) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ဝါရင့်အကြံပေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘဏ်များ အသင်းအမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး





နေပြည်တော် ဇူလိုင် ၁၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘဏ်များ အသင်းအမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဝင်းသော်၊ ဒေါ်သန်းသန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘဏ်များ အသင်း နာယက ဦးခင်မောင်အေး၊ ဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့်ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒများကို ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်များအားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း၍ ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများအကြား ဘဏ်အသုံးပြုမှု ပိုမိုများလာပြီး ဘဏ်လုပ်ငန်းစနစ်အပေါ် ယုံကြည်မှု တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ဘဏ်များအခက်အခဲကြုံတွေ့ရစဉ် Liquidity Support ဆောင်ရွက်ပေးခဲ့ခြင်း၊ လိုက်နာရမည့် သတ်မှတ်အချိုးများကို ဖြေလျှော့ပေးခဲ့ခြင်း၊ ဘဏ်တစ်ဘဏ်ချင်းအလိုက် လိုအပ်ချက်အပေါ်မူတည်၍ ပံ့ပိုးပေးခဲ့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘဏ်များ၏ ဝန်ဆောင်မှု ကောင်းသည်ထက်ကောင်းအောင်၊ စီမံခန့်ခွဲသူများက ဦးဆောင်ပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ဘဏ်များအတွက် လိုအပ်သည့် ငွေသားလွယ်ကူမှု ပံ့ပိုးပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေဆိုင်ရာ သတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဘဏ်များအားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံ့စီးပွားရေးအခြေအနေအရ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးစေရန် လိုက်လျောညီထွေရှိမည့် ငွေကြေးမူဝါဒနည်းလမ်းများနှင့် ဘဏ်များတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ပြေလည်စေမည့်နည်းလမ်းများ၊ ဖြေလျှော့မှုများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်းကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များ အသင်းမှ ဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ နာယက ဦးခင်မောင်အေးနှင့် အမှုဆောင်အဖွဲ့ဝင်များကလည်းကောင်း၊ ယူအေဘီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးနေအေး၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးသန်းရီနှင့် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မျိုးတို့ကလည်းကောင်း ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်မှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ အကြံပြုချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဘဏ်ဥက္ကဋ္ဌများ၏ ဆွေးနွေးအကြံပြုချက်များဆိုင်ရာ ပြန်လည်ဆွေးနွေးခြင်းကိုလည်းကောင်း၊ ဤကဲ့သို့ ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းအကြား တွေ့ဆုံဆွေးနွေးခြင်းများကို ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤအစည်းအဝေး၌ ဆွေးနွေးချက်များနှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်စွာဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းချက်ကို လည်းကောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်အတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ဒိုက်ဦး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အင်းသားကြီးများလိုက်ပါလျက် ဇူလိုင် ၁၄ ရက်တွင် ငါးရစ်ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေး အတွက် ပန္နတ်ကျေးရွာရှိ အင်းချောင်းများနှင့် သုံးခွကျေးရွာရှိ အင်းချောင်းများအတွင်း ကွင်းဆင်းသွားရောက်ပြီး ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးနေသည့် ငါးဖမ်းကိရိယာများကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရုပ်သံအစီအစဉ်များ ရိုက်ကူးလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စတူဒီယို(ဘီ)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သံစုံတီးဝိုင်းလေ့ကျင့်တီးခတ်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုများ၌ ရုပ်သံအစီအစဉ်များ ရိုက်ကူးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို(၁)တွင် သုတဝေဖြာ သီရိဂေဟာပွဲစဉ်(၇၅) ကျန်းမာရေးဆိုင်ရာ အသိပညာပေး ရုပ်သံအစီအစဉ် ပြသနိုင်ရန်အတွက် သရုပ်ဆောင် ထူးပြည့်အောင်နှင့် ပွင့်နဒီမောင်တို့ စီစဉ်တင်ဆက်ပြီး ဟာသသရုပ်ဆောင်များနှင့် ၎င်းတို့ မိသားစုများ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို(ဒီ)၌ ဇူလိုင် ၂၂ ရက်(သောကြာနေ့)ညတွင် Friday Night Live Show အဖြစ် ဖျော်ဖြေတင်ဆက်မည့် မြန်မာပြည်သိန်းတန်၏ သီချင်းဒိုင်ယာရီ(၃) အစီအစဉ်အတွက် မြန်မာပြည်သိန်းတန်နှင့်အတူ စောဒယ်နီရယ်၊ အိအိလှိုင်၊ ချိုမီမီဇော်နှင့် ရေဂျီနားတို့ သီဆိုအသံသွင်းနေမှုကိုလည်းကောင်း၊ Master Control Room ၌ ဩဂုတ် ၅ ရက် (သောကြာနေ့)ညတွင် Friday Night Live Show အဖြစ် ဖျော်ဖြေတင်ဆက်မည့် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်အတူ သီဆိုလေ့ကျင့်နေမှု၊ စတူဒီယို(ဘီ)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သံစုံတီးဝိုင်း လေ့ကျင့်တီးခတ်နေမှုတို့ကိုလည်းကောင်း၊ စတူဒီယို(စီ)၌ ရေဒီယိုအစီအစဉ်များ၊ အသံသွင်းနိုင်ရန်အတွက် ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ရေဒီယိုအစီအစဉ်များ အသံသွင်းမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

---



# ရေရှည်တည်တံ့သော လယ်ယာထုတ်လုပ်မှုစနစ် ထွန်းကားလာစေရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဆည်ပင်ကြီးကျေးရွာအုပ်စု နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဒေသ၊ ရေမြေနှင့် ကိုက်ညီသည့် နေကြာမျိုးသန့်များ အသုံးပြုနိုင်ရေး၊ တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ရှိစေမည့် အထွက်နှုန်းရရှိရေး၊ သွင်းအားစု ဓာတ်မြေဩဇာများ အချိုးမှန်ကန်စွာသုံးစွဲရေး၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြုလုပ်ကိုင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြီး တောင်သူဦးကျော်လေး၏ ဆင်းနေကြာ(၂) စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

**လျာထား ဧကများထက် ပိုမိုစိုက်ပျိုးနိုင်**

နေပြည်တော်ကောင်စီနယ်မြေအတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ မြေပဲဧက ၂၈၀၀၀ ကျော်၊ နှမ်းဧက ၆၃၀၀၀ ကျော်၊ နေကြာဧက ၂၉၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သဖြင့် ယခုနှစ်လျာထားဧကများထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) အလတ်စား စက်ပြင်အလုပ်ရုံ၏ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမောင်းနှင်မှုသင်တန်းများဖွင့်လှစ်ခြင်းနှင့် တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာများကို ပြင်ဆင်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် မိမိတို့ဌာနက လယ်ယာသုံးစက်ကိရိယာသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ စက်မှုလယ်ယာစနစ်ကျလယ်မြေများ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည့်နည်းတူ တောင်သူလယ်သမားများ၏ လိုအပ်ချက်များ၊ တွေ့ကြုံနေရသော အခက်အခဲများကို ထိထိရောက်ရောက် ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်များကို အပြည့်အဝအသုံးချဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

---

# လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ (၁/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ (၁/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး အဖွဲ့အနေဖြင့် တောင်သူလယ်သမားများ နည်းပညာအပြည့်အဝရရှိစေရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များကာမိစေပြီး ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေသည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို နှစ်စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးထွက်ရှိမည့် စပါးသီးနှံများကို အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်ပေးနိုင်ရန်အတွက် လက်ရှိဓာတ်မြေဩဇာ၊ သွင်းအားစုဈေးနှုန်းများ၊ အခြေခံစားကုန် ဈေးနှုန်းများ၊ ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးနှုန်း စသည့် အချက်အလက်များအပေါ် အခြေခံ၍ အဆိုပြုဈေးနှုန်းတစ်ရပ်ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဝင်များက အခြေခံရည်ညွှန်း စပါးဈေးနှုန်းသတ်မှတ်အဆိုပြုနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြရာ ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြ

တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကိုအားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီးလာစေကာမူ ဘယ်နည်းနဲ့မျှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှမပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုးအလုပ်မခံချင်ရင် ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မသန်စွမ်းတစ်ဦးအား ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS)သင်တန်းတက်ရောက်ရန်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးမျိုးမြတ်အောင်(အငြိမ်းစား)ကို ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS)သင်တန်း တက်ရောက်ရန်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)တက်ရောက်၍ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ကြီးမျိုးမြတ်အောင်(အငြိမ်းစား)၏ ကိုယ်ရေးအချက်အလက်များကို ဖတ်ကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟိုဌာနချုပ်)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က ပညာသင်ဆုထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆိုပါအရာရှိသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ ၎င်းအရာရှိသည် မလေးရှားနိုင်ငံ မလေးယားတက္ကသိုလ်မှ ပြည်သူ့ရေးရာမူဝါဒမဟာဘွဲ့ကို ဂုဏ်ထူး ခုနစ်ခုဖြင့် အောင်မြင်ခဲ့ပြီး လက်ရှိပညာသင်နှစ်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ခေါ်ယူသည့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ ဝင်ခွင့်စာမေးပွဲအောင်မြင်၍ တက်ရောက်နေပြီဖြစ်သဖြင့် ယခုကဲ့သို့ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ပညာသင်ထောက်ပံ့ငွေကျပ် ၂၈ သိန်းကို ပေးအပ်ချီးမြှင့်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးမျိုးမြတ်အောင်(အငြိမ်းစား)က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ယဉ်ကျေးမှုပြတိုက်(ကျိုင်းတုံ)ဆောက်လုပ်နေမှု၊ ကျိုင်းတုံ- လွယ်မွေလမ်းနှင့် လွယ်မွေမြို့တွင်းလမ်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရောက်ရှိပြီး အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း မိမိတာဝန် ဝတ္တရားများကို ထမ်းဆောင်ရာတွင် လုံခြုံရေးအသိပါ ရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ လုပ်ငန်းအပ်နှံသည့် ယဉ်ကျေးမှုပြတိုက်(ကျိုင်းတုံ) အာရ်စီနှစ်ထပ် ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၁)မှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ယဉ်ကျေးမှုပြတိုက် အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံ-လွယ်မွေလမ်းအား လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အတက်/အဆင်း နေရာများ၊ လမ်းကွေ့နေရာများ၊ တောင်စောင်းမြေပြိုနိုင်သည့် နေရာများနှင့် ပတ်သက်၍ ကြိုတင်မြော်တွေး ဆောင်ရွက်မည့်စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လွယ်မွေမြို့တွင်းလမ်းကို ကြည့်ရှုစစ်ဆေးပြီး လွယ်မွေမြို့တွင်းလမ်း တောင်ပေါ်ကန်အား ကျောက်စီမြေထိန်းနံရံပြုလုပ်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ဟသ်ာတ ဇူလိုင် ၁၈**

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံတူခဲပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုများရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ပြိုင်ပွဲများကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ရာ ဟသ်ာတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး

# အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်ကြပါစို့

............ မျိုးငြိမ်းငယ် ............

## သမိုင်းမှပေးသင်ခန်းစာ

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဦးဆောင်ပါဝင်ခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးတို့ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်ပင် တိုင်ချေပြီ။ ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့ဟု ဆိုတတ်ကြသည်။ သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်ရှိလာသည့်တိုင် မြန်မာနိုင်ငံသားတို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို မမေ့နိုင်။ မေ့နိုင်ဖွယ်လည်း မရှိပါချေ။ မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် ကြိုးစားရုန်းကန်ရင်း အသက်စွန့်ခဲ့ကြရသော ခေါင်းဆောင်ကြီးများကို မည်သို့မျှ မေ့ပျောက်နိုင်လိမ့်မဟုတ်ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများသည် နိုင်ငံတစ်ဝန်း တော်လှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့တော်လှန်ရေး အောင်မြင်၍ လွတ်လပ်ရေးရခါနီးဆဲဆဲတွင် လုပ်ကြံခံခဲ့ရသည်။

လွတ်လပ်ရေးဖခင်ကြီးများကို လုပ်ကြံခဲ့သူများမှာ နယ်ချဲ့တို့မဟုတ်၊ တိုင်းတစ်ပါးသားတို့မဟုတ်။ ကိုယ့်နိုင်ငံသားများပင် ဖြစ်သည်။ ကိုယ့်နိုင်ငံသားများကို နယ်ချဲ့တို့ကနောက်ကွယ်မှ ကြိုးကိုင်၍ လုပ်ကြံခဲ့ကြသည်။ လွတ်လပ်ရေးဦးဆောင်ကြိုးပမ်းသူများအား လုပ်ကြံလိုက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခဲ့လျှင် မည်သူတို့နစ်နာကြမည်နည်း။ လွတ်လပ်ရေးသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အတွက်မဟုတ်။ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအတွက်ဖြစ်သည်။

လုပ်ကြံသူများက ထိုသို့မမြင်။ ပုထုဇဉ်လူသားတို့၏သဘောသည် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးလွှမ်းလာလျှင် ဆင်ခြင်တုံတရား ကင်းမဲ့လာတတ်ကြသည်။ အမှား/အမှန်ခွဲခြားဆုံးဖြတ်နိုင်စွမ်း နည်းလာတတ်ကြသည်။ ထို့အတွက် ဖြစ်လာသည့် အကျိုးဆက်သည် နိုင်ငံအတွက် အစားထိုးမရသော ဆုံးရှုံးမှုကြီး ဖြစ်ခဲ့ရသည်။ ထို့ထက်ရင်နာစရာကောင်းသည်မှာ ကိုယ့်နိုင်ငံလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းနေသူများကို ကိုယ့်နိုင်ငံသားက လုပ်ကြံခဲ့ကြသည်မှာ နိုင်ငံ့သမိုင်းအတွက် သင်ခန်းစာယူစရာပင်ဖြစ်သည်။

## နိုင်ငံချစ်စိတ် မျိုးချစ်စိတ်

နယ်ချဲ့တို့က မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်၍ သီပေါမင်းနှင့် မိဖုရားတို့အား ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် နိုင်ငံတစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးခဲ့ရပြီးနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေးခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့်နေ့သည် နိုင်ငံသားအားလုံးအတွက် ဝမ်းနည်းဖွယ်အကောင်းဆုံး နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ နိုင်ငံအတွက် လေ့လော်ရင်း တက်ကျိုးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားခဲထားသော ပန်းတိုင်နှင့် လက်တစ်ကမ်းအလိုတွင်အဖြစ်ဆိုးကြုံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရေးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်၊ မျှော်လင့်ချက်၊ ပြည်သူများကို ပေးချင်ဆုံးအရာဖြစ်သည်။ သူ၏ဘဝနှင့် လွတ်လပ်ရေးသည် တစ်သားတည်းဖြစ်ခဲ့သည်ကို တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သိတတ်စကျောင်းသားဘဝအရွယ်ကတည်းကပင် နိုင်ငံ့လွတ်လပ်ရေးအတွက် တစိုက်မတ်မတ် ကြိုးစားခဲ့သည်။ နယ်ချဲ့လက်အောက်နေခဲ့ရသည့် ဖိနှိပ်ခံ၊ နှိမ့်ချခံဘဝကို ခံစားခဲ့ရသူပီပီ လွတ်လပ်ရေး၏ တန်ဖိုးကို နားလည်ခဲ့သည်။ လွတ်လပ်သောပြည်သူတစ်ယောက်၏ဘဝကို တောင့်တခဲ့သည်။ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး လွတ်လပ်ရန် သူ၏ ဘဝတစ်ခုလုံးကို နှစ်မြှုပ်ခဲ့သည်။ တက္ကသိုလ်တက်သည့် ကျောင်းသားဘဝသည်ပင် အမှန်တကယ်က နိုင်ငံရေးလုပ်သည့်ဘဝသာ ဖြစ်ခဲ့သည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုသည့် ကိုယ်ပိုင်ဘဝဆိုသည်ထက် သေဆုံးသည့်အချိန်အထိ ပြည်သူများအတွက် ဘဝသာ ဖြစ်ခဲ့ပါသည်။ လေးစားအတုယူဖွယ် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်လျှောက် ထိုသို့လုပ်ဆောင်မှုနှင့် စိတ်သဘောထားကိုကြည့်လျှင် နိုင်ငံချစ်စိတ်၏ အဓိပ္ပာယ်နှင့် မျိုးချစ်စိတ်၏အဓိပ္ပာယ်ကို ရှင်းလင်းစွာတွေ့ရပြီး မျိုးဆက်သစ်များအတွက် အတုယူစရာဖြစ်ပါသည်။

မျိုးချစ်စိတ်ဆိုသည်ကို တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ဟု အဘိဓာန်က ဖွင့်ဆိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သောစိတ်သာမကပါ။ ကိုယ်ကျိုးစွန့်၍ ပေးဆပ်မှု၊ စွန့်လွှတ်မှုများနှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်ခဲ့ပါသည်။ ထိုမျိုးချစ်စိတ်ကို လက်တွေ့ကျကျ ပြသခဲ့ပါသည်။

## လက်တွေ့လိုက်နာကျင့်ကြံ

မျိုးချစ်စိတ်ဆိုသည်က ချစ်နေရုံဖြင့် ပြီးသည်မဟုတ်။ ပြောနေရုံဖြင့် အကောင်အထည်ပေါ်သည်မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်းက မျိုးချစ်စိတ်ကို လက်တွေ့ပြသခဲ့သည်။ ထို့အတွက်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် လူထုတစ်ရပ်လုံးစည်းလုံးမှုဖြင့် လွတ်လပ်ရေးပန်းတိုင်အရောက်လှမ်းနိုင်ခဲ့သည်က သက်သေပင်ဖြစ်သည်။

ထိုအလားတူပင် မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်ရှိခဲ့ကြသဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပူးပေါင်းပါဝင်ခဲ့ကြသည် မဟုတ်ပါလား။ စုပေါင်းကြိုးစားမှု၏ အသီးအပွင့် လွတ်လပ်ရေးရရှိခဲ့သည် မဟုတ်ပါလား။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်ကျရောက်ခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံနေရာအနှံ့အပြား၌ နယ်ချဲ့ကိုတော်လှန်တိုက်ခိုက်ခဲ့ကြသည်။ နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ရင်း အသက်စွန့်ခဲ့ကြသူများမှာ မရေမတွက်နိုင်အောင်ပင် ရှိခဲ့သည်။ ထိုသို့ကျရာတာဝန်မှ ဝိုင်းဝန်းကြိုးပမ်းကြခြင်းကြောင့် ယနေ့မိမိတို့ခံစားနေရသည့် လွတ်လပ်ရေးကြီး ရရှိခဲ့ခြင်းပင်ဖြစ်ပါ၏။ ယနေ့ဆိုလျှင် လွတ်လပ်ရေးဖခင်ကြီးများ၏ ကျေးဇူးဖြင့် မိမိတို့အားလုံး လွတ်လပ်သောနိုင်ငံတော်ကြီးတွင် အများနှင့်တန်းတူ နေထိုင်နေကြရပြီ ဖြစ်သည်။

သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းတို့ မျှော်မှန်းခဲ့သည်က လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုထက် ပိုပါသည်။ လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန် ကိုးချက်တွင် ပါဝင်သော ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿဟရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်ဟူသောအဓိဋ္ဌာန်ကို လိုက်နာကျင့်ကြံ၍ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော၊ တိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရန် ဆက်လက်လုပ်ဆောင်ကြရဦးမည်ဖြစ်ပါသည်။ ယင်းသို့ကြိုးပမ်းကြရာတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို ဗိုလ်ချုပ်အောင်ဆန်းလက်တွေ့လိုက်နာကျင့်ကြံသကဲ့သို့ ကိုယ်စီ ကိုယ်စီ လိုက်နာကြမှသာ ရည်မှန်းချက်တို့ အကောင်အထည်ပေါ်လာမည် ဖြစ်ပါသည်။

## အမျိုးသားညီညွတ်ရေး

ယနေ့မိမိတို့နိုင်ငံတော်ကြီးအား ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန်ဆိုပါက လွတ်လပ်ရေး ကြိုးပမ်းစဉ်ကကဲ့သို့ပင် အမျိုးသားညီညွတ်ရေး လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုမှာ ယင်းနိုင်ငံ၏ အင်အားဖြစ်ပါသည်။ ထို့အတူ မြန်မာနိုင်ငံအနာဂတ်ခရီးအတွက် အရေးပါဆုံးအခြေခံလိုအပ်ချက်လည်း ဖြစ်ပါသည်။ မြန်မာ့သမိုင်းအဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် အမျိုးသားညီညွတ်ရေးကို အဓိကထောက်တိုင်အဖြစ် တွေ့ရပါသည်။ တိုင်းရင်းသား လူမျိုးများနှင့် မတူကွဲပြားမှုများပြားသော မိမိတို့နိုင်ငံတွင် ရေရှည်ခိုင်မာသော အမျိုးသားညီညွတ်ရေးတည်ဆောက်ရန် အထူးလိုအပ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝ နိုင်ငံရေးလောကသို့ စတင်ခြေချသည့် ၁၉၃၅ ခုနှစ်မှ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ်အထိ နှစ်ပေါင်း ၁၂ နှစ်အတွင်း အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ယနေ့ဆိုလျှင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ကျော်ပြီဖြစ်သည်။ အမျိုးသားညီညွတ်ရေးမှာ မြင့်တုံနိမ့်တုံဖြင့် ခရီးဆက်နေရဆဲဖြစ်သည်။ အမျိုးသားညီညွတ်ရေး အားနည်းနေသမျှ နိုင်ငံတည်ဆောက်ရေး အခက်အခဲများရှိနေဦးမည် ဖြစ်ပါသည်။

> ❛ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတက္ကသိုလ်ကျောင်းသားဘဝ နိုင်ငံရေးလောကသို့ စတင်ခြေချသည့် ၁၉၃၅ ခုနှစ်မှ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ်အထိ နှစ်ပေါင်း ၁၂ နှစ်အတွင်း အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ယနေ့ဆိုလျှင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ကျော်ပြီ ဖြစ်သည်။ အမျိုးသားညီညွတ်ရေးမှာ မြင့်တုံနိမ့်တုံဖြင့် ခရီးဆက်နေရဆဲဖြစ်သည်။ အမျိုးသားညီညွတ်ရေး အားနည်းနေသမျှ နိုင်ငံတည်ဆောက်ရေး အခက်အခဲများရှိနေဦးမည်ဖြစ် ❜

အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက “ယခုအစည်းအဝေးတွင် ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် သည်ကို ရောက်လာတဲ့ကိစ္စ နားလည်တာ တစ်ခုရှိပါတယ်။ ဘာလဲဆိုလျှင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ သည်ဟာပါပဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဟို့လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကြိုးစားလာပါတယ်။ နောင်လည်း ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါမယ်” ဟု ပြောကြားခဲ့ပါသည်။ မှတ်သားလိုက်နာဖွယ် ဖြစ်ပါသည်။

ယနေ့လည်း ထို့အတူပင်။ နိုင်ငံ၏ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းဖို့ဆိုပါလျှင် ညီညွတ်ကြရမည်ဖြစ်ပါသည်။ သို့မှ ကြီးပွားတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ✻



ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် တောင်တန်းဒေသများသို့သွားရောက်၍ လှည့်လည်ဟောပြောခဲ့စဉ်။

## မိုးနဲမြို့နယ်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲ ကျင်းပ

**မိုးနဲ ဇူလိုင် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ ဆုပေးပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက အာဇာနည်နေ့ကို မှတ်မှတ်ထင်ထင်ရှိနေစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မိမိတို့နှစ်သက်သော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံတူပန်းချီများကို ရေးဆွဲကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနီဝင်းနှင့် အဖွဲ့ဝင်များ လာရောက်အားပေးကြကြောင်း သိရသည်။

ထို့နောက် (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အခြေခံပညာမူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ၊ အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူလေးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြော၊ ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲများနှင့် နံရံကပ်စာစောင်စာအုပ်ပြပွဲများ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ အာဇာနည်နေ့အကြောင်း သိကောင်းစရာများ သိရှိနိုင်စေရန်ရည်ရွယ်၍ (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြော၊ ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲများနှင့် နံရံကပ်စာစောင် စာအုပ်ပြပွဲများကို ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်)လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ပြိုင်ပွဲပြပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၀ တို့က ကဗျာရွတ်၊ ပုံပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## စဉ့်ကူးမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**စဉ့်ကူး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်သော အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၁၁ နာရီ က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စဉ့်ကူးမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က အာဇာနည်နေ့နှင့် ပတ်သက်၍ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် နေ့ထူးနေ့မြတ်များကို အစဉ်သတိရစေရန်ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ထားထားနွယ်က အာဇာနည်ခေါင်းဆောင်ကြီးများနှင့် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ အာဇာနည် စိတ်ဓာတ်နှင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ စသည်တို့ကို ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် အကျယ်တဝင့် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဇာလွင် (ပြန်/ဆက်)**

✻ စာမျက်နှာ ၆ မှ

### ပဋိပက္ခသံသရာမှရုန်းထွက်

ယခုဆိုလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်ရှိပြီဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ကြရဦးမည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် ပထမဦးစွာလိုအပ်သည့် ပြည်တွင်းပဋိပက္ခသံသရာမှ ရုန်းထွက်ရေးအတွက်အဖြေမှာ ငြိမ်းချမ်းရေးဟု မြင်ပါသည်။ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးနှင့် သက်ဆိုင်သော ငြိမ်းချမ်းရေးတွင် အတိမ်အနက်၊ ရှုပ်ထွေးနက်နဲမှုများရှိနေသည်မှာ မှန်သော်လည်း ပြည်ထောင်စုနိုင်ငံသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် ထိုငြိမ်းချမ်းရေးကို စုပေါင်းဖြေရှင်းကြမည်ဆိုပါက အဖြေသည် လက်တစ်ကမ်းတွင်ရှိနေသည်ဟုလည်း ယုံကြည်မိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါ့မယ်ဆိုသည့် သန္နိဋ္ဌာန်စိတ်ထားကဲ့သို့ပင် ပဋိပက္ခသံသရာမှရုန်းထွက်ရန်ဆိုပါလျှင် လုံးလုံးငြိမ်းချမ်းတဲ့အထိ စုပေါင်းအဖြေရှာကြရမည်ဖြစ်ပါသည်။

### မျိုးဆက်သစ်တို့အတွက်အမွေ

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများသည် မျိုးဆက်သစ်တို့အတွက် အသက်သွေးချွေးတို့ပေးဆပ်ပြီး တာဝန်ကျေခဲ့ပြီးကြပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် သူ၏ကြိုးစားမှု အသီးအပွင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော ပြည်သူ များ၏ ဘဝကို မြင်မသွားရရှာခဲ့ပါ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ကြိုးစားအားထုတ်မှု၊ ရလာသောရလဒ်တို့အပေါ် တမလွန်ဘဝမှ ကျေနပ်နေမည်ဟု ယုံကြည်ပါသည်။ မိမိတို့သည်လည်း သရက်ပင်စိုက်ပျိုးသော အဘိုးအိုပမာ မိမိ စိုက်ပျိုးသောအပင်မှ အသီးကို မိမိစားသုံးရသည်ဖြစ်စေ၊ မစားသုံးရသည်ဖြစ်စေ အနာဂတ်မျိုးဆက်သစ်တို့အတွက် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ယင်းမှာ မျိုးဆက်အသီးသီး၏ တာဝန်ပင်မဟုတ်ပါလား။

မိမိတို့မျိုးဆက်အဆင့်ဆင့် တာဝန်ကျေမှသာ နိုင်ငံသည်လည်း အဆင့်ဆင့် တိုးတက်လာမည်ဖြစ်ပါသည်။ ထိုသို့တိုးတက်လာရန် ကြိုးစားကြရဦးမည်ဖြစ်ပါသည်။ ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်သားဖွယ်စကားကို ထပ်မံညွှန်းလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှတို့ထံ လွတ်လပ်ရေးအတွက် အရေးဆိုရာ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဘိလပ်သို့ သွားရောက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရ၏ ဖိတ်မန်ချက်အရ သွားရမည့်ဆဲဆဲတွင် "ခါးတောင်းကျိုက် မဖြုတ်ကြနှင့်" ဟု ပြည်သူလူထုအား အသင့်ရှိစေရန် မှာကြားခဲ့သည်ဟု မှတ်သားရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး ရကိုရရမည်ဆိုသည့် ရည်မှန်းချက်အတိုင်း သူကိုယ်တိုင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားခဲ့ပါသည်။ ထို့အတူ ပြည်သူလူထုတစ်ရပ်လုံးကိုလည်း အားမလျှော့ကျရန် မှာကြားခဲ့ပါသည်။ မိမိတို့အားလုံးသည်လည်း ငြိမ်းချမ်းရေးရသည်အထိ ခါးတောင်းကျိုက်မဖြုတ်ဘဲ ကြိုးစားခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ကျေးဇူးဆပ်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

**ကိုးကား**

(ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ၊ စာပေဗိမာန်)

## ချစ်သွေးသစ္စာ ခိုင်စို့လေ

❖ ကာလရှည်ကြာ၊ ရှိခဲ့ပါလည်း
တို့မှာမမေ့၊ ဘယ်မရွှေ့ပြီ
တစ်နေ့သောခါ၊ ထိုအရာသည်
တိုက်ကာဆိုင်ဆိုင်၊ အသည်းဆိုင်ဝယ်
မှတ်သညာပျိုး၊ မျက်ရည်မိုးတို့
သွန်းဖြိုးပေပြီ ဇူလိုင်ဆီ။

❖ သည်ဇူလိုင်ခါ၊ မျက်ရည်ဖြာ၍
သည်းလှာမှာငြိ၊ မှတ်ကာမိသည်
တိုင်းပြည့်လူမွန်၊ ဇာနည်ချွန်ကို
လူလွန်မသား၊ နယ်ချဲ့များတို့
ဖန်ကားလုပ်ရပ်၊ ထိုးသည့်ဇာတ်ကြောင့်
ဇာတ်နာရုပ်မျိုး၊ လုပ်ကြံဆိုးသည်
သည်မိုးဖွဲ့ဖွဲ့ ရွာသွန်းဆဲ။

❖ ဇူလိုင်မိုးတို့၊ ဖွဲဖွဲညို့လျက်
မှိုင်းဆို့တိမ်ရိပ်၊ ရုတ်ချည်းဖိတ်၍
တထိတ်ထိတ်သာ၊ ရင်ထိတ်ပါသည့်
ဆိုးဖြာခဲ့ပြီ၊ အာဇာနည်တို့
ကြွေပြီလွင့်လွင့်၊ သွေးစက်ပွင့်နှင့်
မပွင့်မီညှိုး၊ ဇာနည်မျိုးတို့
ဆိုးခဲ့ရပြီ သွေးမျက်ရည်။

❖ သြော်...
သည်လိုရက်လ၊ ရောက်တိုင်းခသည်
လွမ်းစမျက်ရည်၊ ဝေ့ကာနေပြီ
ရှေးဆီမျှော်မှန်း၊ ဇာနည်ပန်းတို့
လွမ်းမိသော်လည်း၊ အံကိုခဲ၍
ချဲ့ဆဲလုပ်ရပ်၊ နယ်ချဲ့ဇာတ်က
ဖြစ်ပြန်ရှိမြဲ၊ တားဆီးဆဲမို့
အသည်းမှာငြိ၊ မြဲသတိနှင့်
ချစ်သည့်ပြည်အား၊ ကာကွယ်သွားဖို့
တို့များမျက်ရည်၊ သုတ်ပါလေပြီ
လွမ်းသည်ဆိုငြား၊ အလွမ်းများကို
ရင်ကြားသိမ်းစွက်၊ ပြည့်အတွက်အား
တွဲလက်ယှဉ်တွဲ၊ နောင်ညီမြဲလို့
တို့ပြည်သာရေး၊ စဉ်မနေးဘဲ
သစ်တွေးလှစ်ဖြာ လှိုင်လို့လေ။
အနှစ်ထွေးသစ်ကာ မြိုင်ဖို့စေ။
ချစ်သွေးသစ္စာ ခိုင်ဖို့ပေ။ ။

ပြေအေးသက်

# ရုရှားမြေတွင် ပွင့်လန်းလာသည့် ထေရဝါဒဗုဒ္ဓဘာသာ သာသနာရောင်ဝါအလင်းတန်း

**အမောင်(မြန်မာပြည်သား)၊ အေးကျော်(ရှုပဗေဒ)**



မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပစဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ခေတ်မီတိုးတက်မှုနှင့် ရှည်လျားသည့် သမိုင်းကြောင်းကို ပုံဖော်ပြသနေသည့် အဆောက်အအုံများက အားပြိုင်နေဟန်ရှိသည်။ မြို့အတွင်း ရစ်ခွေစီးဆင်းနေသည်က မော်စကိုမြစ်၊ ထိုမြစ်ကမ်းဘေးရှိ လမ်းမကြီးထက်မှာ နောက်ဆုံးပေါ် မာစီဒီးအနက်ရောင်တစ်စီး ဦးဆောင်သည့် နိုင်ငံတော်အဆင့် လုံခြုံရေးများဝန်းရံထားသည့် မော်တော်ယာဉ်များသည် ခံ့ညားစွာဖြင့် လိုရာခရီးကို ဦးတည်မောင်းနှင်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်အဆင့် လုံခြုံရေးများခြံရံထားသည့် ယာဉ်တန်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည်။ ရှည်လျားလှသည့် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် သမိုင်းတစ်ခုအဖြစ် မှတ်တမ်းဝင်မည့် ခရီးစဉ်အပေါ် အိမ်ရှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လှိုက်လှဲစွာ ခရီးဦးကြိုဆိုမှုနှင့် ညှော့ဝတ်ကျေပွန်မှုများက စာဖွဲ့ပြရလျှင် မပြည့်စုံနိုင်ဟုပင် ထင်မြင်မိပါသည်။

## ၇၄ နှစ်တိုင်ခဲ့ပြီ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသမိုင်းအား ပြန်ကြည့်မည်ဆိုပါက ရှည်လျားလှသည့် သမိုင်းပုံရိပ်တစ်ခုအဖြစ် မြင်ရမည်ဖြစ်သည်။ နှစ်နိုင်ငံအကြား အပြန်အလှန် သံတမန်ဆက်ဆံမှု အစပြုခဲ့သည်က ယနေ့ကာလအထိ ဆိုပါက ၇၄ နှစ်ပင် တိုင်ခဲ့ပြီဖြစ်ပြီး သမိုင်းတစ်လျှောက်တွင် ကောင်းမွန်သည့်ဆက်ဆံရေးများသာ ပြည့်လျှမ်းနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့ဆိုလျှင် နှစ်နိုင်ငံ၏ တည်နေရာအနေအထားအရ နီးနီးကပ်ကပ်ရှိနေ၍လောဟု အမေးရှိက မဟုတ်ဟုသာ ဆိုရမည်ဖြစ်သည်။ နှစ်နိုင်ငံ၏ ပထဝီအနေအထားရပ်တည်နေမှုက အလှမ်းဝေးလွန်းလှသည်။ ပထဝီဝင်အနေအထားအရ မည်မျှပင် အလှမ်းကွာဝေးစေကာမူ နှစ်နိုင်ငံဆက်ဆံရေးကား အိမ်နီးချင်းနိုင်ငံများထက် မပိုဟုဆိုလျှင်ပင် မလျော့သော ဆက်ဆံရေးရှိသည်ဟု ဆိုနိုင်သည်။ အတူတကွ ကူးလူးဆက်ဆံနေသည့် သံတမန်ရေးနယ်ပယ်တွင်သာမက ယဉ်ကျေးမှု၊ ပညာရေး စသည့်နယ်ပယ်များတွင်လည်း အပြန်အလှန် ကူးလူးဆက်ဆံနေမှုများက မနည်းလှ။ အခြားသော တစ်ဖက်ဖြစ်သည့် ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်သည်။ ရုရှားနှင့် မြန်မာနိုင်ငံသည် အလှမ်းဝေးသည့်တိုင် နှစ်နိုင်ငံသည် နောက်ခံသမိုင်းကြောင်း ဖြတ်သန်းခဲ့ရမှု၊ ရင်းနှီးဖော်ရွေသည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့နှင့် ယဉ်ကျေးမှု၊ ရိုင်းပင်းကူညီတတ်မှုတို့တွင် တူညီမှုများစွာ ရှိနေသည်။ အိမ်နီးချင်းကို ရွေးချယ်ခွင့်မရှိသော်လည်း မိတ်ဆွေကောင်းကိုတော့ ရွေးချယ်ခွင့်ရှိသည်ဟူသော စကားရပ်တစ်ခုရှိသည်။ အိမ်နီးချင်း မိတ်ဆွေများနှင့် ခိုင်မာသည့်ဆက်ဆံရေးကို တည်ဆောက်ရမည်ဖြစ်သကဲ့သို့ ဝေးခြားမြေခြားမှာရှိနေသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းများနှင့်လည်း ဆက်ဆံရေးကောင်းများ မပြတ်ရှိနေရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အလုပ်သဘောလည်ပတ်ရန်အတွက် မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၁၀ ရက် ညပိုင်းတွင် ရောက်ရှိခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ကြိုဆိုမှုတွင် ထူးခြားမှုပါသည်။ **"မင်္ဂလာပါ"** ဟူသော မြန်မာသံပီပီသသဖြင့် မြန်မာစကားပြောဆို ကြိုဆိုခဲ့မှုက ရုရှား-မြန်မာ နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှု၊ သံယောဇဉ်တရား စသည်တို့ကို လေးလေးနက်နက် မြင်နိုင်သည်။

## ထူးခြားချက်အချို့ပါ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ယခုတစ်ကြိမ် ရုရှားနိုင်ငံသို့ သွားရောက်ခြင်းမှာ ယခင်ခရီးစဉ်များနှင့်မတူ၊ ထူးခြားချက်အချို့ပါသည်။ နှစ်နိုင်ငံကြား လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး အစရှိသည့် ကိစ္စရပ်များအပြင် ဗုဒ္ဓဘာသာ သာသနာရောင်ဝါနေသို့ လင်းစေရန်နှင့် ကမ္ဘာအနှံ့ ဖြန့်ကြက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လိုမှု အချို့လည်းပါသည်။ ကိုယ်ချင်းစာတရား၊ လူသားချင်း စာနာထောက်ထားမှု၊ ယဉ်ကျေးသိမ်မွေ့မှု စသည့်အကြောင်း အချင်းအရာများကို အခြေတည်သည့် သာသနာတော်ကြီးအား အထောက်အပံ့ရစေခြင်းအတွက် ရုရှားနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား တည်ဆောက်ပူဇော်ခဲ့ပြီး သာသနာတော်နှစ် ၂၅၆၆ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည့် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ကျင်းပဆောင်ရွက်ခဲ့သည်။ အဆိုပါစေတီတော်မြတ်ကြီးအား တည်ထားရာတွင်လည်း ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပနေစေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်မှုများရှိစေရန်၊ အရှေ့တိုင်းဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကို ပြသရန် ရည်ရွယ်၍ ရွှေစည်းခုံ ပုံတူစေတီတော်မြတ်ကြီးကို တည်ထားခဲ့ခြင်းဖြစ်ပါသည်။

စေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပမည့်နေ့ နံနက်အစောတွင် ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများက သွက်လက်လှသည်။ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့်တိုင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုကို ရုရှားနိုင်ငံမှတစ်ဆင့် ကမ္ဘာက သိရှိအောင် ကိုယ်စားလှယ်အဖွဲ့ဝင်များသာမက ရုရှားနိုင်ငံရှိ မြန်မာအသိုင်းအဝိုင်း အားလုံးကလည်း မြန်မာ့ရိုးရာဝတ်စုံကို ဝတ်ဆင်ကြသည်။ မြန်မာအမျိုးသား၊ အမျိုးသမီးများ၏ ရိုးရာယဉ်ကျေးမှုဝတ်စုံကို ဝတ်ဆင်ထားမှုအား တွေ့မြင်လိုက်ရသည့် ရုရှားလူမျိုးအချို့၏ အထင်ကြီးလေးစားဟန်ကို မြင်ရတော့ မိမိတို့ရိုးရာဝတ်စုံအပေါ် အထင်ကြီးစိတ်လည်း ဝင်မိသည်။

## ရှုမငြီးဖွယ်မြင်တွေ့ခဲ့ရ

ကိုယ်စားလှယ်အဖွဲ့ တည်းခိုသည့်နေရာမှ မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပပြုလုပ်သည့် စေတီတော်ကြီးတည်ရှိရာ ကာလုဂါပြည်နယ်တွင်ရှိသည့် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်သို့ မော်တော်ယာဉ်များဖြင့် ၄၅ မိနစ်ခန့် သွားခဲ့ရပြီး လမ်းဘေးဝဲယာတစ်လျှောက်တွင်ရှိသည့် သစ်တောစိုက်ခင်းများ၊ ဂျုံနှင့် ကောက်ပဲသီးနှံ စိုက်ခင်းများကို ရှုမငြီးဖွယ် မြင်တွေ့ခဲ့ရပါသည်။ သစ်တောထွက် ထုတ်ကုန် သစ်လုံးကြီးများကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ဖြတ်တောက်စုပုံထားရှိမှုကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စနစ်ကျနမှုကို မပြောပြဘဲ သိမြင်ခဲ့ရပါသည်။ ခရီးလမ်းတစ်လျှောက် မြို့တွင်းမြို့ပြင် လမ်းလျှောက်သူ၊ ယာဉ်မောင်းနှင်သူ၊ ယာဉ်လမ်းကြောထိန်းသိမ်းသူတို့ အပေးအယူ မျှတစွာဖြင့် သွားလာလှုပ်ရှားမောင်းနှင်နေမှုများကို တွေ့မြင်ရသည့်အတွက်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသားများ၏ စည်းကမ်းလိုက်နာမှု၊ စနစ်တကျရှိမှု၊ အဆင့်အတန်းရှိမှုတို့ကို သိမြင်ခဲ့ရပါသည်။

မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပပြုလုပ်မည့် စေတီတော်ကြီး၏ ပရိဝုဏ်သို့ ရောက်ရှိချိန်တွင် ထင်မှတ်မထားသော မြင်ကွင်းကို အံ့အားသင့်ဖွယ် မြင်တွေ့ရသည်။ မြင်တွေ့လိုက်ရသည့်မြင်ကွင်းမှာ မိမိတို့ မြန်မာနိုင်ငံတွင်မဟုတ်ဘဲ ရုရှားနိုင်ငံကဲ့သို့သော ပြည်ပနိုင်ငံတစ်ခုတွင်ပြုလုပ်သည့် ဘာသာရေးအခမ်းအနားတစ်ခုအနေဖြင့် မိမိထင်မှတ်ထားသည်ထက် လူဦးရေပရိသတ်များ **စာမျက်နှာ ၉ သို့** ☆



ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်၍ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းစဉ်။

☆ စာမျက်နှာ ၈ မှ

များပြားနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ အထွတ်အမြတ်ထားရာ ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုကိုပြသသည့် အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီးများ၊ လားမားဘုန်းတော်ကြီးများကပါ တက်ရောက်ကြသည်ကိုတွေ့ရှိရသည်။ ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Konstantin Losifovich Kosachev၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့အစည်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဧည့်သည်တော်များ၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ မော်စကို ထေရဝါဒဗုဒ္ဓအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံပေါင်းစုံ သံရုံးနှင့် စစ်သံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုလေ့လာကြသည်ကို တွေ့မြင်ခဲ့ရမှုကြောင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ယခုကဲ့သို့ အခမ်းအနားကြီး ကျင်းပပြုလုပ်ခဲ့ခြင်းကို များစွာ နှစ်ထောင်းအားရဖြစ်မိပါသည်။

### ခန့်ညားတည်ကြည်စွာ လွှမ်းမိုးနေ

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်သံများကလည်း ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ကြီးရဲ့ကောင်းကင်ယံမှာ ပျံ့လွင့်နေပြီး တိတ်ဆိတ်စွာနာယူနေသည့် ပတ်ဝန်းကျင်ကို ခန့်ညားတည်ကြည်စွာ လွှမ်းမိုးနေသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ မြန်မာတို့၏ ထုံးတမ်းအစဉ်အလာများနှင့်အညီ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။ ဆရာတော်၊ သံဃာတော်များ၊ တက်ရောက်လာသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ နှုတ်မှ ဘုရား၊ တရား၊ သံဃာ ဂုဏ်တို့အားရည်မှန်း၍ ရွတ်ဆိုပူဇော်နေမှု၊ စည်းစနစ်ကျနစွာဖြင့် လှည့်လည်အပူဇော်ခံယူမှု၊ မြင့်မြတ်လှသည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းဆောင်ရွက်မှုများအား တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အခြားနိုင်ငံအသီးသီးများမှ ဧည့်ပရိသတ်များ၏ ရင်သပ်ရှုမောအံ့သြနေမှုများကလည်း ၎င်းတို့၏ မျက်နှာထက်တွင် အထင်အရှားပေါ်လွင်နေသည်။ လေးနက်တည်ကြည်လှသော မျက်နှာ၊ ရိုးရာယဉ်ကျေးမှုအား ထိန်းသိမ်းနေမှု၊ ဘာသာတရားအပေါ် အလေးအနက်ထားမှုတို့ကို တဒင်္ဂမဟုတ်သည့်ကာလအတွင်း ကိုယ်စီပါရှိလာသည့် ကင်မရာအမျိုးမျိုးဖြင့် မှတ်တမ်းတင်နေကြသည်မှာလည်း ဂုဏ်ယူဖွယ်ရာတွေ့မြင်ရသည်။ မြန်မာ့ရိုးရာ အမျိုးသမီးဝတ်စုံဖြစ်သည့် ချိတ်ထဘီ၊ ရင်ဖုံးအင်္ကျီ၊ စုံချပဝါတို့ဖြင့် လှည့်လည်အပူဇော်ခံရာ လျှောက်လမ်းတစ်လျှောက်တွင် ပန်းကြဲ၍ကုသိုလ်ယူနေသည့် ရုရှားအမျိုးသမီးငယ်နှစ်ဦးကလည်း အလှတွင် အယဉ်ဆင့်ရုံသာမက ကူးလူးနိုင်သည့် ယဉ်ကျေးမှုသဘောကိုလည်း ကြည်နူးဖွယ်တွေ့မြင်ရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

### လက်ယာရစ် လှည့်လည်ပူဇော်

ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်ကြီး၏ လျှောက်လမ်းတစ်လျှောက် လက်ယာရစ် လှည့်လည်ပူဇော်မှုခံယူပြီးနောက် မင်္ဂလာအချိန်ကျရောက်ချိန်တွင် စေတီတော်အထွတ်သို့ ထုံးတမ်းစဉ်လာများနှင့်အညီ အသီးသီးပင့်ဆောင်၍ တပ်ဆင်ပူဇော်သည်။ စေတီတော်ကြီးတွင် သက်ဆိုင်ရာဌာနအလိုက် ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို တပ်ဆင်ပူဇော်ပြီးနောက် ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်း၍ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် တက်ရောက်လာသည့် ရဟန်းရှင်လူများက **“အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ”** ဟု ကြွေးကြော်သံကား ဘဝဂ်သို့ပင် လွင့်ပျံ့သွားမည်ဟု ထင်ရပေသည်။ ဗုဒ္ဓဘာသာ သာသနာအတွက် တစ်ခန်းတစ်ကဏ္ဍ၊ တစ်တိုင်းတစ်ရပ်တွင် အောင်သံလွှမ်းသည်ကလည်း ကျက်သရေရှိလှပေသည်။ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးသည့်မြင်ကွင်းကလည်း ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှပေသည်။ အဆိုပါ မြင်ကွင်းကိုကြည့်၍ တက်ရောက်လာသည့် ရုရှားနိုင်ငံနှင့် အခြားနိုင်ငံအသီးသီးမှ ဧည့်ပရိသတ်များ၏ စိတ်တွင်လည်း မြန်မာလူမျိုးတို့၏ ဘာသာတရားအပေါ် ရိုကျိုးသက်ဝင်မှုသာမက လှူဒါန်းမှုအရာတွင်လည်း လက်မနှေးတတ်သူများအဖြစ် သိမှတ်သွားနိုင်မည်ဟုလည်း ယုံကြည်မိပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံး မြန်မာ့ယဉ်ကျေးမှုလက်ရာအပြည့်ဖြင့် ရွှေစည်းခုံပုံတူစေတီတော်ကြီး ယခုကဲ့သို့ တည်ထားနိုင်ရန်အတွက် မြန်မာနိုင်ငံမှ စေတနာရှင် အလှူရှင်များ၊ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မတည်လှူဒါန်းမှုဖြင့် စတင်ခဲ့သည်။ စေတီတော်ကြီးအား အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ရေးအတွက် သီတဂူဆရာတော်ကြီး ကိုယ်တော်တိုင် ၁၀ ကြိမ်တိုင်တိုင် ကြွရောက်ကြီးပမ်းတော်မူခဲ့ပြီး သီတဂူဗုဒ္ဓဝိဟာရ(မော်စကို)တွင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆရာတော်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ ဦးဆောင်စီမံကြီးကြပ်မှုနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသား အရာရှိများ၊ ရုရှားနိုင်ငံမှ ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

၎င်းနောက် သီတဂူဆရာတော်ဘုရားကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအတွက် ဝမ်းမြောက်ဩဝါဒစကားနှင့် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို မြွက်ကြားသည်။ သက်တော်အရ မငယ်လှတော့သော်လည်း ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘာသာ သာသနာတော်အတွက် မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေမှုများက ဆရာတော်ကြီး၏ မိန့်မှာချက်တွင် အထင်အရှားကြည်ညိုဖွယ်အဖြစ် သိမြင်နိုင်ပါသည်။

### ခိုင်မာစွာဆောင်ကြဉ်းပေးမည်

**“ဘာသာ၊ သာသနာ ဟူသည်မှာ လူတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပြုစေပါကြောင်း၊ သို့ဖြစ်၍ ယခုစေတီတော်မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှု၊ ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာဆောင်ကြဉ်းပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ကြိုးပမ်းတော်မူခဲ့သည့် သီတဂူဆရာတော်ဘုရားကြီးနှင့် သီတဂူဗုဒ္ဓဝိဟာရ (မော်စကို)မှ ဆရာတော်များအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း”** ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားအပြီးတွင် သီတဂူဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်သံဃာတော်များကို ဝမ်းမြောက်စွာ လျှောက်ထားခဲ့သည်။ လျှောက်ထားမှုအပေါ် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဝမ်းမြောက်အနုမောဒနာသာဓုခေါ်ဆိုခဲ့ကြသည်မှာလည်း ကြည်နူးဖွယ်ကောင်းလွန်းလှပါသည်။ ထို့အပြင် အခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် လားမားဘုန်းတော်ကြီးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်း စေတီတော်ကြီးအား အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့မှုအပေါ် ဝမ်းမြောက်စကားများ အသီးသီးပြောကြားခဲ့ကြသည်။

ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်ကြီးအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ကြီး အဝင်မုခ်ဦးကို ကျော်လွန်လာသည်နှင့် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဗုဒ္ဓယဉ်ကျေးမှုကို ပြသနေသည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးကို ဖူးမြော်တွေ့ရှိနိုင်ပြီ ဖြစ်ပါတော့သည်။

**(ဆက်လက်ဖော်ပြသွားပါမည်။)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၃/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ( မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား ၂၅-၇-၂၀၂၂ ရက်မှ ၂-၉-၂၀၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး)** အမှတ်- ၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ပုသိမ်)** အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရှောင်)** အမှတ်- ၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉-၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# အခြေခံပညာကျောင်းများတွင် အသိပညာပေးလုပ်ငန်းဆောင်ရွက်ရေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အသိပညာပေးလုပ်ငန်းဆောင်ရွက်ရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ virtual စနစ်ဖြင့် ကျင်းပသည်။





**ဆောင်ရွက်ပေးသွားမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဝန်ကြီးဌာနအနေဖြင့် အချိန်တိုအတွင်း ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရရှိနိုင်သည့် Quick Win Programme လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနသုံးခုပူးပေါင်း၍ ယခုကဲ့သို့ အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဤအစီအစဉ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရှိသည့် အခြေခံပညာကျောင်းများရှိ ဆဋ္ဌမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူများကို ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးသည့် လုပ်ငန်းများထဲမှ သိသင့်သည်များကို အသိပညာပေးဆွေးနွေးဟောပြောပွဲများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကလေးများ အသိပညာပေးရာတွင် ၎င်းတို့လက်လှမ်းမီရရှိနိုင်မည့် အသိပညာဖြစ်သည့် ခေါင်းစဉ်များကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး ကလေးသူငယ် အခွင့်အရေးများကို ကိုယ်တိုင်သိရှိနားလည်စေနိုင်ရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် အန္တရာယ်များသိရှိနားလည်စေရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိအမြင်များနှင့် မိုင်းအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး ကလေးများမှတစ်ဆင့် မိသားစုနှင့် ရပ်ရွာအတွင်းတွင် အသိပညာပေး ဖြန့်ဝေသွားစေရန်နှင့် လူမှုပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ရာတွင်လည်း အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် အလယ်တန်း၊ အထက်တန်း ကလေးများအနေဖြင့် လွယ်ကူစွာသိမြင်မှတ်သားဆောင်ရွက်နိုင်သည့်အရွယ်ဖြစ်ခြင်းကြောင့် အတန်းပညာများကို သင်ယူမှုပြုခြင်းမှ ပတ်ဝန်းကျင်တွင် တွေ့ရမည့်စိန်ခေါ်မှုများ၊ အတားအဆီး အဟန့်အတားများကို ကြိုတင်သတိပြုနိုင်မည့် ကောင်းကျိုးများရရှိ နိုင်မည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ သဘောသဘာဝကို နားလည်ပြီး ကလေးသူငယ်များအတွက် အကောင်းဆုံး မှတ်သားနားလည်စေနိုင်မည့် နည်းလမ်းများကိုအသုံးပြုပြီး ဆွေးနွေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်/တိုင်းဒေသကြီးများရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၈**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး မြို့နယ် ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၆၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၈၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၉၂ ဦး ပေါ်ထွက်ခဲ့ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်အဆင့် ဝိဇ္ဇာဘာသာတွဲတွင် ပထမနှင့် ဆဋ္ဌမဆုရရှိပြီး ဝိပ္ပံဘာသာတွဲတွင် စတုတ္ထဆု ရရှိသည်အထိ ထူးချွန်အောင်မြင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်အောင်လုပ်ဆောင်ကြိုးစားခဲ့သော သားငယ် သမီးငယ်များအပြင် တိုင်းဒေသကြီးအဆင့် အောင်ချက်အကောင်းဆုံး မြို့နယ် သုံးမြို့နယ်နှင့် အောင်ချက် အကောင်းဆုံးကျောင်းသုံးကျောင်းကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည် မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာ အဓိကကျပါကြောင်း၊ ကျောင်းသားကျောင်းသူများအား တစ်ဆင့်ပြီးတစ်ဆင့် ပညာများကို ဆက်လက်သင်ယူနိုင်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် ကလေးများကျောင်းနေပျော်၍ စာတော်အောင်မည်သို့ ဆောင်ရွက်ရမည်ကို စဉ်စားရမည်ဖြစ်ကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲတွင် ပထမ၊ ဆဋ္ဌမဆုနှင့် ဝိပ္ပံဘာသာတွဲတွင် စတုတ္ထဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသော မဲစာရင်းများ မှန်ကန်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးအပ်ပွဲနှင့် သရုပ်ပြသပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအေးလှိုင်က မဲစာရင်း ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ထားရှိမှုအား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး အိမ်ထောင်စုလူဦးရေစာရင်း software ထည့်သွင်းခြင်းလုပ်ငန်းလမ်းညွှန် Video Clip အား ပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မဲစာရင်းပြည့်စုံမှန်ကန်ရေး အိမ်ထောင်စုလူဦးရေစာရင်း software ထည့်သွင်းနေမှု သရုပ်ပြသမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Kaung For You ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

**မေး။** လွန်ခဲ့တဲ့ရက်ပိုင်းတုန်းက NUG အကြမ်းဖက်အဖွဲ့ရဲ့စီမံမှုနဲ့ အွန်လိုင်းကနေစာသင်မယ်လို့ ပြောထားတဲ့ Kaung For You ကျောင်းကိစ္စနဲ့ ပတ်သက်ပြီး မေးချင်လို့ပါရှင့်၊ အဲဒီ Kaung For You တရားမဝင်ကျောင်းရဲ့ ကျောင်းတာဝန်ခံဆိုသူနဲ့ အပေါင်းအပါနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးထိန်းသိမ်းပြီးချိန်မှာ အခုဆိုရင် တရားမဝင်မီဒီယာ အချို့အပါအဝင် Social Media တွေမှာ Kaung For You နဲ့ ပတ်သက်တဲ့ဝန်ထမ်းအဖြစ် လျှောက်ထားမယ့်သူတွေ၊ ကျောင်းသားမိဘတွေကို လက်ရှိနေရာအသီးသီးကနေ ထွက်ပြေးတိမ်းရှောင်ဖို့ ခြောက်လှန့်လုပ်ဆောင်နေတာတွေကို တွေ့ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆောင်ရွက်သွားမယ့် အခြေအနေတွေကို ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ကျွန်တော်တို့ အစိုးရအနေနဲ့ အခမဲ့ပညာရေးစနစ်နဲ့ ကျောင်းတွေအားလုံးဖွင့်လှစ်နိုင်ဖို့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာလည်း ကျောင်းတွေဖွင့်လှစ်ပေးခဲ့တယ်။ ပညာရေးကဏ္ဍမြှင့်တင်ရေးကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူလူထုအနေနဲ့ အခမဲ့ပညာရေးစနစ်နဲ့ ဆက်လက်သင်ကြားနိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးခဲ့တာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်တွေ၊ ဗလာစာအုပ်တွေနဲ့ သင်ထောက်ကူပစ္စည်းတွေကို အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။ အခုလိုမျိုးဆောင်ရွက်နေတဲ့အချိန်မှာ NUG အမည်ခံအကြမ်းဖက်အဖွဲ့အစည်းရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် တချို့သော ဆရာ ဆရာမတွေ CDM လုပ်ခဲ့ကြပါတယ်။ အဲဒီအပေါ်မှာလည်း ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးထိခိုက်မှုမရှိစေဖို့အတွက် အစိုးရအနေနဲ့ CDM လုပ်တဲ့ တချို့သော ဆရာ ဆရာမတွေကို နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းနဲ့အညီ ပြန်လည်လက်ခံခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါမျိုးတွေလုပ်ဆောင်ပေးနေပေမယ့် တချို့ကတော့ ဒီအချိန်အထိ အပြင်ဘက်ကနေပြီး အွန်လိုင်းပညာရေးလိုမျိုးကိစ္စတွေကို ဆောင်ရွက်နေတာ ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့စစ်ဆေးကြည့်တဲ့အခါမှာ ငွေရေးကြေးရေးကောက်ခံခဲ့တာကို တွေ့ရပါတယ်။ နောက်ပိုင်းမှာ ငွေရေးကြေးရေးအရ အခက်အခဲရှိရင်တောင်မှ ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေရဲ့ အချက်အလက်တွေ သူတို့လက်ထဲမှာရှိတယ်ဆိုပြီး မပေးပေးအောင် ခြိမ်းခြောက်မှုတွေပြုလုပ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပထမဦးဆုံးအလေးအနက်ထားပြောကြားလိုတာကတော့ ဒီသွေးထိုးလှုံ့ဆော်မှုတွေနဲ့ ခြောက်လှန့်မှုတွေကြောင့် ကျောင်းတက်ခဲ့ရတဲ့ ကျောင်းသားတွေ၊ ကျောင်းအပ်ခဲ့ရတဲ့ ကျောင်းသားမိဘတွေကို ကျွန်တော်တို့ အရေးယူဖို့မရှိဘူးလို့ဘဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပြောချင်ပါတယ်။ ကျွန်တော်တို့ဖမ်းမိခဲ့တဲ့ အဖွဲ့အစည်းတစ်ခုကိုပဲ ထောက်ပြတာဖြစ်ပါတယ်။ Kaung For You ဆိုတဲ့အဖွဲ့သည် ကျောင်းသားမိဘတွေဆီက ငွေကြေးကောက်ခံတယ်။ ကောက်ခံရရှိတဲ့ငွေတွေနဲ့ သူတို့ဘာလုပ်တယ်ဆိုတာကို ကျွန်တော်တို့က သူတို့ကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့မှာ ဖမ်းဆီးရမိတဲ့အချိန်မှာ သိခဲ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ကိစ္စကိုလည်း ကျွန်တော်တို့သတင်းထုတ်ပြန်ထားပါတယ်။ ကျောင်းသားမိဘတွေဆီက ကောက်ခံရရှိတဲ့ငွေကြေးတွေကို အခကြေးငွေပေးပြီး အမျိုးသမီးတွေနဲ့ပျော်ပါးတဲ့ နေရာမှာအသုံးပြုခဲ့တာကို တွေ့ရပါတယ်။ ဒီကိစ္စကိုလည်း ဓာတ်ပုံအထောက်အထားတွေနဲ့လည်း ကျွန်တော်တို့ဖော်ပြပြီးဖြစ်ပါတယ်။ ဒါကိုပဲ ပြည်ဖျက်မီဒီယာတွေက သူရဲကောင်းကြီးတွေသဖွယ် ဖော်ပြရေးသားနေကြတာကို တွေ့ရပါတယ်။ ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေကို ဆက်လက်ပြီးတော့ သိမ်းသွင်းနေတာကို တွေ့ရပါတယ်။ ပိုပြီးဆိုးတာက ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေကို အစိုးရက ဖမ်းဆီးလိမ့်မယ်ဆိုပြီးတော့ လှုံ့ဆော်နေတာကိုတွေ့ရပါတယ်။ အဲဒါကို အခွင့်ကောင်းစောင့်ဆိုင်းနေတဲ့ EAO အဖွဲ့က ပိုပြီးဆိုးလာပါတယ်။ PDF အမည်ခံအကြမ်းဖက်သမားတွေကလည်း သူတို့ဆီကိုလာပြီး ခိုလှုံပါဆိုပြီး သိမ်းသွင်းနေတာကိုတွေ့ရပါတယ်။ သူတို့ဘာကြောင့် ဒီလိုမျိုးလုပ်နေတာလဲဆိုရင် နံပါတ် ၁ အချက်က သူတို့တွေရဲ့ မဟုတ်တာလုပ်တာတွေကို ကျွန်တော်တို့အနေနဲ့ ဖော်ထုတ်နိုင်ခဲ့တယ်၊ သက်သေအထောက်အထားတွေနဲ့ ချပြနိုင်ခဲ့တဲ့အခါမှာ သူတို့အနေနဲ့ ဒါကိုပြန်ပြီး အဖတ်ဆယ်တာဖြစ်တယ်။ နံပါတ် ၂ အချက်ကတော့ သူတို့အနေနဲ့ အင်အားနည်းပါးနေတာရှိတယ်၊ ပြိုကွဲနေတာတွေရှိတယ်၊ သူတို့မဟုတ်တာတွေလုပ်နေတာကို ပြည်သူတွေသိပြီးတဲ့နောက်မှာ ပြည်သူတွေအနေနဲ့ သူတို့ကိုဆန့်ကျင်လာတယ်။ အဲဒီလိုအခြေအနေတွေကို အဖတ်ဆယ်နိုင်ဖို့အတွက် အခုလိုလုပ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ ၅၀၅ နဲ့ တရားစွဲခံထားရတဲ့သူတွေ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေထဲမှာ လမ်းမှားရောက်နေတဲ့သူတွေအထဲက ရာဇဝတ်မှုမကျူးလွန်ထားတဲ့သူတွေကိုတောင် ပြန်လည်လက်ခံနေတာဖြစ်ပါတယ်။ အခုလက်ရှိအခြေအနေအထိ ကျွန်တော်တို့အနေနဲ့ ရာဇဝတ်မှုမကျူးလွန်ခဲ့တဲ့ PDF အဖွဲ့ထဲကို လမ်းမှားရောက်သွားတဲ့ လူငယ်တွေကို လက်ခံပြီးတော့ မိဘလက်ထဲကို ပြန်လည်အပ်နှံနေတာ အယောက် ၂၅၀ နီးပါးရှိပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စု၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ခိုင်ခိုင်မာမာ အာမခံထားတာရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်တည်ဆောက်ရေးကို ဝိုင်းဝန်းလုပ်ဆောင်နိုင်ဖို့ ကျွန်တော်တို့လက်ခံနေတာတွေရှိပါတယ်။ ဒါကြောင့် ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် ဒီဖြစ်စဉ်မှာ ပါဝင်ပတ်သက်ခဲ့သူတွေ၊ ဦးစီးဦးဆောင်လုပ်နေတဲ့သူတွေနဲ့ ဒီဖြစ်စဉ်မှာ လူငယ်တွေကို လမ်းမှားရောက်အောင်တွန်းပို့နေတဲ့ လူတွေမှအပ သွေးဆောင်ဖြားယောင်းခံရတဲ့မိဘတွေနဲ့ ကျောင်းသားတွေကို အရေးယူဖို့မရှိပါဘူးလို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ကျောင်းသားများနဲ့ မိဘများအနေနဲ့ကလည်း မိမိတို့သားသမီးတွေရဲ့ပညာရေးကို နည်းမှန်၊ လမ်းမှန်နဲ့ ဆောင်ရွက်ကြဖို့၊ မိမိရဲ့မိသားစုအရေးကို နည်းမှန်၊ လမ်းမှန်နဲ့ဆောင်ရွက်ကြဖို့ အသိပေးပြောကြားလိုပါတယ်။ ■




# (၁၈)ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၈**

(၁၈)ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (18th SOMTC Working Group on Trafficking in Persons)ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရုံးအမှတ်(၃၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ်များ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးကို အစီအစဉ်(၁၁)ရပ်ဖြင့် ကျင်းပခဲ့ရာ သဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံ လူကုန်ကူးမှုဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ထွက်ပေါ်လာသည့် လမ်းကြောင်းများ၊ လူကုန်ကူးမှုဖြေရှင်းရန် အခွင့်အလမ်းများအပေါ် အတွေးအမြင်များ ဖလှယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဖြစ်ပွားသည့် အခြေအနေသည် ပျမ်းမျှအားဖြင့် ပြည်တွင်းတွင် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းရှိပြီး ပြည်ပသို့ ဦးတည်ဖြစ်ပွားမှုမှာ ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ပွားကြောင်း၊ INTERPOL အစီအစဉ်ဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သော လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်(Operation STORM MARKERS) အဆင့်(၁)တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ခဲ့ပြီး နိုင်ငံအဆင့် စီမံချက်ရေးဆွဲကာ ရေလုပ်ငန်းများမှ ရေလုပ်သားများအား လုပ်အားခေါင်းပုံဖြတ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် လူကုန်ကူးမှုမဖြစ်ပေါ်စေရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း။

လူကုန်ကူးမှုအဖြစ်များသည့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လူကုန်ကူးမှုလျှော့နည်း ကျဆင်းရေးစီမံချက်များရေးဆွဲကာ လူကုန်ကူးမှုနှင့် အဓမ္မစေခိုင်းမှုမဖြစ်ပွားစေရေး ကြိုတင်တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းစသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အကျိုးရလဒ်များ ရရှိခဲ့ကြောင်း၊ National Central Bureau (NCB)ချင်း ချိတ်ဆက်၍ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံသားတို့ကို ကူညီစုံစမ်းရှာဖွေပေးခဲ့ကြောင်း။

လူကုန်ကူးမှုဖြစ်ပွားရာတွင် ထွက်ပေါ်လာသည့် လမ်းကြောင်းသစ်များနှင့် လူကုန်ကူးမှု ပုံစံသစ်များမှာ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံနယ်စပ်ဒေသများသို့ဖြတ်ကျော်၍ ဝင်ရောက်လာသည့် လမ်းကြောင်းများ၊ Social Media များကို ကျယ်ပြန့်စွာ အသုံးပြုလာသည့်အတွက် လူကုန်ကူးသူများက ပစ်မှတ်ရှာစည်းရုံးသွေးဆောင်မှုများနှင့် လူစုဆောင်းမှုများ ပြုလုပ်လာကြကြောင်း၊ ပြောင်းလဲဖြစ်ပေါ်လာသည့် လူကုန်ကူးမှု လမ်းကြောင်းသစ်များအရ ခေတ်စနစ်နှင့်ကိုက်ညီသည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့သဖြင့် လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုများရှိလာကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အတွေ့အကြုံကောင်းများ မျှဝေဖလှယ်နိုင်ခြင်းနှင့် တရားဝင်ဆက်သွယ်မှုလမ်းကြောင်းများ တည်ဆောက်နိုင်ခဲ့ကြောင်း ဆွေးနွေးသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက်လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ဘိုဟိုးလူကုန်ကူးမှု လုပ်ငန်းစီမံချက် (2.0)ပါ လူကုန်ကူးမှုတိုက်ဖျက်ရန် အာဆီယံကဏ္ဍပေါင်းစုံရေးဆွဲထားရှိမှုကို လည်းကောင်း၊ လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ACTIP) အကောင်အထည်ဖော်ရေးအတွက် အမျိုးသားအဆင့် ကိုယ်စားလှယ်များ၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၇၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၁၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၆၃,၂၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၈၃၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ် ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၉) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၂၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၂၅) ခု | (၁၂) ဦး |
| စုစုပေါင်း | (၆,၁၇၅) ခု | (၂၂) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၂၇၅၁၄၉ | ၈၆၆၄၆၂၂၀ | ၁၀၄၈၈၄၃ |
| ၂။ | အိန္ဒိယ | ၄၃၇၆၇၅၃၄ | ၄၃၀၉၇၅၁၀ | ၅၂၅၇၆၀ |
| ၃။ | ဘရာဇီး | ၃၃၃၀၁၁၁၈ | ၃၁၅၅၆၃၉၃ | ၆၇၅၄၀၈ |
| ၄။ | ပြင်သစ် | ၃၃၀၁၆၅၇၈ | ၃၀၅၂၇၉၆၅ | ၁၅၀၅၇၆ |
| ၅။ | ဂျာမနီ | ၂၉၆၉၂၉၈၉ | ၂၇၇၈၆၇၀၀ | ၁၄၂၅၃၃ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၇၅၈၇၄ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၁၄၅၈၅၉ | ၁၈၅၁၀၈၈၄ | ၁၆၉၉၂၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၇၈၈၀၅၆ | ၁၈၃၃၄၅၉၉ | ၂၄၇၅၃ |
| ၉။ | ရုရှား | ၁၈၄၉၄၈၄၄ | ၁၇၉၁၁၃၄၀ | ၃၈၁၉၁၆ |
| ၁၀။ | တူကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၁၄၃၅ | ၉၈၁၈၃၅၇ | ၄၃၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၆၁၃၈၃၄၆ | ၅၉၅၂၉၈၁ | ၁၅၆၈၅၉ |
| ၃။ | မလေးရှား | ၄၆၂၂၉၈၁ | ၄၅၄၄၆၁၅ | ၃၅၈၅၅ |
| ၄။ | ထိုင်း | ၄၅၆၀၈၄၃ | ၄၅၀၇၀၉၅ | ၃၁၀၁၆ |
| ၅။ | ဖိလစ်ပိုင် | ၃၇၃၅၃၈၃ | ၃၆၅၄၂၁၈ | ၆၀၆၄၁ |
| ၆။ | စင်္ကာပူ | ၁၅၉၆၀၄၆ | ၁၄၉၅၁၄၁ | ၁၄၅၃ |
| ၇။ | မြန်မာ | ၆၁၃၈၃၈ | ၅၉၂၇၇၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၅၄၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၈၂၉၅၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၄၇၇ | ၁၃၃၃၀၂ | ၃၀၅၆ |

## မိုင်းရယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မိုင်းရယ်  ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကို ယနေ့နံနက် ၁၀ နာရီက မိုင်းရယ်မြို့ နယ်မြေခံတပ်ရင်းတွင် ပြုလုပ်ပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြုလုပ်ပေးရာတွင် မိုင်းရယ်မြို့ နယ်မြေခံတပ်ရင်း အတွင်းရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ပြုလုပ်ပေး လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိဦးစိုးနိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အနေဖြင့် မိုင်းရယ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုင်းရယ် (ပြန်/ဆက်)



# ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်ပထမခြောက်လအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၁၆၀၀၀၀ ကျော်တင်ပို့နိုင်ခဲ့



ဖနောင်ပင် ဇူလိုင် ၁၈

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမခြောက်လတာကာလအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၁၆၈၂၈၀ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်ဇန်နဝါရီလမှ ဇွန်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးကို အများဆုံးဝယ်ယူသည့်နိုင်ငံအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ဆန်စပါးသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးတင်ပို့မှုပေါင်း၏ ၅၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးအတွက် ကြီးမားသည့်ဈေးကွက်တစ်ခုဖြစ်ကြောင်းနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုန်သွယ်ရေးသဘောတူညီချက်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ ဆန်စပါးအများအပြားတင်ပို့နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဆောင်ဆာရန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမခြောက်လအတွင်း ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၅၁ ခုသို့ ဆန်စပါးတန်ချိန် ၃၂၇၂၀၀ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယင်းတင်ပို့မှုစုစုပေါင်းအနက် ဆန်စပါးတန်ချိန် ၉၈၆၂၄ တန်အား ဥရောပဈေးကွက်သို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**




# ဆူဒန်ဒုက္ခသည် ၂၈၀၀ ကျော် အီသီယိုးပီးယားနိုင်ငံမှ နေရပ်သို့ပြန်

အဒစ်အဘာဘာ ဇူလိုင် ၁၈

ဆူဒန်ဒုက္ခသည် ၂၈၀၃ ဦးသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အီသီယိုးပီးယားနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ နေရပ်သို့ပြန်သွားခဲ့ကြပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇူလိုင် ၁၈ ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အီသီယိုးပီးယားနိုင်ငံ၏ အရေးပေါ်အခြေအနေဆိုင်ရာထုတ်ပြန်ချက်တစ်ရပ်တွင် အဆိုပါဆူဒန်ဒုက္ခသည်များသည် အီသီယိုးပီးယားနိုင်ငံ အနောက်ပိုင်း ဘီနင်ရှန်ဂူလ်ဂူမက်ဇ်ဒေသရှိ ကာမွတ်နယ်စပ်ဂိတ်မှတစ်ဆင့် ၎င်းတို့၏နေရပ်ဖြစ်သည့် ဆူဒန်နိုင်ငံသို့ ပြန်သွားခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှစတင်ကာ ဆူဒန်ဒုက္ခသည် ၇၅၅၉ ဦးနှင့် တောင်ဆူဒန်ဒုက္ခသည် ၄၅၂ ဦးတို့သည် အီသီယိုးပီးယားနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ၎င်းတို့၏နေရပ်နိုင်ငံသို့ ပြန်သွားခဲ့ပြီးဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ပြီးခဲ့သည့်နှစ်များအတွင်းက ဆူဒန်နှင့် တောင်ဆူဒန်ဒုက္ခသည် ထောင်ပေါင်းများစွာတို့သည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအသီးသီးတွင် ပဋိပက္ခများဖြစ်ပွားခြင်းကြောင့် ထွက်ပြေးလာခဲ့ရာ အီသီယိုးပီးယားနိုင်ငံအနောက်ပိုင်း ဘီနင်ရှန်ဂူလ်ဂူမက်ဇ်ဒေသက လက်ခံထားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်းကလည်း အီသီယိုးပီးယားနိုင်ငံအနောက်တောင်ပိုင်း ဂမ်ဘယ်လာဒေသရှိ ဒုက္ခသည်စခန်းများမှ ဆူဒန်ဒုက္ခသည် ၇၇၂ ဦး ၎င်းတို့နေရပ် ဆူဒန်နိုင်ငံသို့ ပြန်ခဲ့ကြကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ယခုနှစ်ပထမခြောက်လအတွင်း ကမ္ဘောဒီးယားဆီဟန်နိုဗီလီ အထူးစီးပွားရေးဇုန်မှ ကုန်ထုတ်လုပ်မှု ၃၈ ရာခိုင်နှုန်းတိုးတက်လာ

ဖနောင်ပင် ဇူလိုင် ၁၈

ယခုနှစ်ပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဆီဟန်နိုဗီလီ အထူးစီးပွားရေးဇုန်ရှိ ပို့ကုန်သွင်းကုန်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံရှိခဲ့ပြီး ကုန်ထုတ်လုပ်မှု ၃၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ဆီဟန်နိုဗီလီအထူးစီးပွားရေးဇုန်အား တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယင်းအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှုများ မနှောင့်နှေးစေရန် ရောဂါကာကွယ်ရေးအစီအမံများ ဆောင်ရွက်နိုင်ခဲ့သောကြောင့် လုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ကြောင်း သိရသည်။ အဆိုပါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းများအောင်မြင်ခြင်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးစင်္ကြံဆိုင်ရာလုပ်ငန်းများကို မိမိတို့နှစ်နိုင်ငံအကြား အကျိုးရှိစေရန် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း၏ ပြီးပြည့်စုံသည့်သက်သေဖြစ်ကြောင်း ကမ္ဘောဒီးယားကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၉၀ ခန့်ရှိလာ

ဝါရှင်တန် ဇူလိုင် ၁၈



အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၉၀ ခန့်ရှိလာပြီး ထိုကဲ့သို့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူး စက်ခံရသူအရေအတွက် များပြားလာခြင်းမှာ အိုမီခရွန် BA.5 ဗီဇပြောင်းမျိုးကွဲ ကူးစက်ခံရမှုများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ပြီးခဲ့သည့်သီတင်းပတ်က ၎င်းဗီဇပြောင်းမျိုးကွဲ ကူးစက်ခံရသူ ၆၅ ရာခိုင်နှုန်းရှိခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသသူအရေအတွက် မြင့်တက်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ခရိုင်များ၏ သုံးပုံတစ်ပုံခန့်တွင် ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုများတွေ့ရှိရပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားသည့် လော့စ်အိန်ဂျလိစ်ခရိုင်တွင် တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၀၀ ကို တွေ့ရှိရသည်။ နိုင်ငံအတွင်းရှိ ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှာ ဝန်နှင့်အားမမျှသည့် အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်**

**ဘာသာပြန်-စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လက်နက်များသယ်ဆောင်လာသည့် ကုန်တင်လေယာဉ်တစ်စင်း ဂရိနိုင်ငံမြောက်ပိုင်းတွင် ပျက်ကျ

အေသင် ဇူလိုင် ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြေမြှုပ်မိုင်းများအပါအဝင် လက်နက်တန်ချိန် ၁၁ တန်သယ်ဆောင်လာသည့် ကုန်တင်လေယာဉ်တစ်စင်းသည် ဂရိနိုင်ငံမြောက်ပိုင်းတွင် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အန်တိုနေ့ဗ်-၁၂ အမည်ရှိ အဆိုပါကုန်တင်လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည့်နေရာနှင့် နှစ်ကီလိုမီတာအတွင်းရှိသော လူများကိုလည်း နေအိမ်များအတွင်း၌သာနေထိုင်ရန် သတိပေးထားကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ဆားဘီးယားနိုင်ငံမှ ဂျော်ဒန်နိုင်ငံသို့ ပျံသန်းလာခဲ့ပြီး ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ကာဗာလာမြို့အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ကာ လေယာဉ်ပေါ်ပါရှိသည့် လူရှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း သိရသည်။

ယင်းကုန်တင်လေယာဉ် ပျက်ကျစဉ်တွင် လေယာဉ်မီးလောင်မှုဖြစ်ပွားကာ မီးလုံးကြီးများကို မြင်တွေ့ခဲ့ရ ကြောင်း မျက်မြင်သက်သေဗီဒီယိုများ၏ ဖော်ပြချက်အရသိရသည်။

**ကိုးကား-ဘီဘီစီ**

**ဘာသာပြန်-အလင်းသစ်**





ပေါက်မြို့နယ် ကျောက်အိုးကျေးရွာရှိ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။



ပေါက်မြို့နယ် ကျောက်အိုးကျေးရွာအနောက်ဘက် တောင်ယာတဲ၌ ဆေးကုသသည့်နေရာ မှတ်တမ်းဓာတ်ပုံ။



ပေါက်မြို့နယ် ကျောက်အိုးကျေးရွာ ဘုန်းကြီးကျောင်းအနီး၌ သိမ်းဆည်းရမိသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

✻ ကျောဖုံးမှ

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်စဉ် ကျေးရွာဘုန်းကြီးကျောင်းအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်ဖုံး သုံးလုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ ဝါးညှပ်မိုင်း ၉၉ ချောင်း၊ လည်တိုဖိနပ် ခြောက်ရန်၊ လည်ရှည်ဖိနပ် တစ်ရန်၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ ကန့်မှုန့် ၅၀ ကျပ်သား၊ ဓာတ်ခဲအကြီး (ဝိုင်ယာကြိုးတပ်လျက်) လေးလုံး၊ ဘောစေ့အလုံး ၅၀၀ နှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ဒေသခံပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်၍ ဆက်ကြေးများကောက်ခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းများကို အသိတရားကင်းမဲ့စွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■

# အေးသာယာ(ထုံးဖိုဈေး)အဆင့်မြှင့်တင်ခြင်း အပိုင်း(၁)လုပ်ငန်း လွှဲပြောင်းပေးအပ်

တောင်ကြီး ဇူလိုင် ၁၈

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် Excellent Myanmar Co., Ltd. တို့ အကြားချုပ်ဆိုသော လုပ်ငန်းသဘောတူစာချုပ်အရ အေးသာယာ(ထုံးဖိုဈေး)အဆင့်မြှင့်တင်ခြင်း အပိုင်း(၁)လုပ်ငန်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ဆက်လက်၍ အပိုင်း(၂)အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

JJJ




# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDF အမည်ခံ အကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနဒ္ဓဝံသဘုန်းကြီးကျောင်းမှ ဆရာတော်၏လည်ပင်းအား ဓားဖြင့် ရက်စက်စွာခုတ်၍ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၂၀-၇-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသောအပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရသည့်ဖြစ်စဉ်”** နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိမ်မဲမြို့နယ် ဆင်တိုးကျေးရွာတွင် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလှုပ်ရှားမှု ဆောင်ရွက်

အိမ်မဲ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဆင်တိုးကျေးရွာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လှုပ်ရှားမှုကို ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာခွန်မင်းမောင်က နွားများတွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါနှင့် အရေပြားအကျိတ်နာရောဂါတို့ကို လည်းကောင်း၊ ဝက်များတွင် ဖြစ်ပွားတတ်သော အာဖရိက ဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည့်အခြေအနေများကို အကျယ်တဝင့်ဆွေးနွေး ဟောပြောပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းအဖွဲ့ (အဖွဲ့စိတ်)၏ သရုပ်ပြလေ့ကျင့်ခြင်း၊ ကျွဲနွား ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် လူနေမှုဘဝမြှင့်တင်ဖို့ ခွာနာလျှာနာရောဂါ ကင်းစင်သည်အထိ ဆောင်ရွက်ကြစို့၊ အရေပြားအကျိတ်နာ ရောဂါအကြောင်းသိကောင်းစရာများ၊ ကြိုတင်သတိပြုစရာ ဝက်များတွင်ဖြစ်ပွားတတ်သော အာဖရိကဝက်အပြင်းဖျားရောဂါ စသည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ဆင်တိုးကျေးရွာမှ ပြည်သူများတက်ရောက်ဆွေးနွေးလေ့လာခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ပန်းတနော်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ဆောင်ရွက်

ပန်းတနော် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အဖြစ် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ အနောက်ပိုင်းရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်ဆောင်ရွက်ရာတွင် ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါနှင့် အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် သဏ္ဍာန်တူလေ့ကျင့်ဆောင်ရွက်မှုများ၊ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်သိန်းမြင့်နှင့်အဖွဲ့ဝင်များက Rapid Response Team (RTT) ဖွဲ့စည်း၍ တစ်ဖွဲ့လျှင် သုံးဦးဖြင့် အဖွဲ့သုံးဖွဲ့ခွဲ၍ အနောက်ပိုင်းရပ်ကွက်ဟိန္ဒူတန်းတွင် ဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ပြည့်ဖြိုးကျော်(ပြန်/ဆက်)

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်

ကျောင်းကုန်း ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉) စက်မှုလယ်ယာစခန်း၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်ခြင်းကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါ စက်မှုလယ်ယာဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး ဦးကျော်မျိုးဝင်းက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ကျောင်းကုန်းမြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုသုံးစွဲလာသည့် ထွန်စက်ကြီး၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်နှင့် လက်တွန်းထွန်စက်များကို တောင်သူများအနေဖြင့် စနစ်တကျကိုင်တွယ်မောင်းနှင် ထိန်းသိမ်းတတ်စေရန်၊ စက်ကိရိယာများကို စနစ်တကျကြံ့ခိုင်မှုဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ တောင်သူသင်တန်းသား ၃၀ ဖြင့် သင်တန်းကို ၁၂ ရက် ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်သင်ယူခြင်းဖြင့် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ရာတွင် ကျွမ်းကျင်မှုရှိခြင်း၊ အန္တရာယ်လျော့နည်းစေခြင်း၊ စက်များပျက်စီးမှုနည်းပါးစေခြင်းနှင့် စက်အပိုပစ္စည်းဝယ်ယူသုံးစွဲစရိတ်လျှော့ချနိုင်ခြင်း၊ လုပ်ငန်းခွင်တွင် စက်မှုစွမ်းအားပြည့်ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းဇော်က ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)



❖ ကျောဖုံးမှ

နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ-

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

● ပထမဆုံးအကြိမ်မှ

ဦးစွာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သစ်လွင်ထူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့သယ်ဆောင်လာသည့် **လက်နက်၊ ခဲယမ်း**များကို လွှဲပြောင်းရယူ၍ မိဘအုပ်ထိန်းသူ များထံသို့ လွှဲပြောင်းအပ်နှံပေးကြပြီး မိဘအုပ်ထိန်း သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်းနှင့် ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်မှ ယနေ့ထိ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၁၈၁ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၂၃၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# PDF **အမည်ခံ အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နည်းမျိုးစုံအသုံးပြု၍ နှောင့်ယှက်ဖျက်ဆီး**

**နေပြည်တော် ဇူလိုင် ၁၈**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံအသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ဇူလိုင် ၁၇ ရက် နံနက် ၆ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထောက်ကြန့်ကျေးရွာတွင် နေထိုင်ပြီး အဆိုပါကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်နေကြသည့် ကျောင်းဆရာမ ခုနစ်ဦးတို့၏ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက "ဆရာ၊ ဆရာမများ CDM ပြုလုပ်ရန်၊ ကျောင်းဆက်တက်ခြင်း ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်လုပ်ဆောင်ပါက အပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း နောက်ဆုံးအနေဖြင့် သတိပေးခြင်း"ဟု ရေးသားထားသည့် ခြိမ်းခြောက်စာနှင့်အတူ ကျည်ဆံတစ်ထောင့်ကို လာရောက်ပစ်ချ ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။


**ခြိမ်းခြောက်ဆန့်ကျင်သည့်စာများ**

ထို့ပြင် ဇူလိုင် ၁၇ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း ကျောင်းတက်ရောက်မှုကို အနှောင့်အယှက်ဖြစ်စေရန် ခြိမ်းခြောက်ဆန့်ကျင်သည့်စာများ ရေးသားနှောင့်ယှက်ထားသည်ကို တွေ့ရှိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


56
၅-၇-၂၀၂၂ ထုတ်ပြန်ကြေညာချက်
ကလေးမြို့နယ်မှတဆင့်ကျေးရွာအလိုက်
ပြည်သူ့ကာကွယ်ရေးအဖွဲ့မှသတိပေးထုတ်ပြန်ကြေညာလိုက်သည်။
ပြည်သူ့ကာကွယ်ရေးအဖွဲ့

ကလေးမြို့ရှိ ကျောင်းဆရာမ ခုနစ်ဦးအား အကြမ်းဖက်သမားများ ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာနှင့် ကျည်ဆံတို့၏ မှတ်တမ်းဓာတ်ပုံ။



ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း အနောက်ဘက်ဝင်ပေါက်အနီး၌ အကြမ်းဖက်သမားများ ရေးသားထားသည့် ခြိမ်းခြောက်စာများ၏ မှတ်တမ်းဓာတ်ပုံ။

## ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရေဖြူ ဇူလိုင် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိထားဝယ်ခရိုင် ရေဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျောက်ထောင့်ကျေးရွာ ရေပေးရေးလုပ်ငန်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း (၀/၆)မိုင်တွင် မင်းဒပ်ကျေးရွာ(Smart Village)လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကျေးရွာဘောလုံးကွင်း မြေနေရာ ပေ(၂၀၀ x ၃၀၀)အကျယ်တွင် မြက်စိုက်ပျိုးခြင်းကို Cash For Work စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခြင်း၊ တိုးချဲ့စာသင်ခန်းမ ပေ(၂၀ x ၃၀)အား ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းကို ထားဝယ်ခရိုင်ဦးစီးမှူး ဦးအောင်လွင်နှင့် ရေဖြူမြို့နယ်ဦးစီးမှူး ဦးဝင်းဆွေမြင့်တို့က လုပ်ငန်းများပြီးစီးမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၇၀ | ၁၈၂၀ | ၁၈၁၅ | ၁၇၈၀ | ၁၈၁၅ | ၁၈၄၀ | ၁၈၂၅ | ၁၈၀၅ | ၁၈၉၅ | ၁၉၁၅ | ၁၈၁၀ | ၁၈၂၀ | ၁၈၅၅ | ၁၈၅၅ | ၁၈၅၅ | ၂၀၇၅ | ၂၅၆၀ |
| 95 Ron | ၁၈၃၀ | ၁၈၇၅ | ၁၈၇၅ | ၁၈၃၅ | ၁၈၇၅ | ၁၈၉၅ | ၁၈၈၀ | ၁၈၆၀ | ၁၉၅၅ | ၁၉၇၀ | ၁၈၆၅ | ၁၈၈၅ | ၁၉၁၀ | ၁၉၁၀ | ၁၉၁၅ | ၂၁၃၀ | ၂၆၁၅ |
| HSD (500 ppm) | ၂၁၅၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၆၀ | ၂၈၄၅ |
| HSD (50 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၈၇၅ |
| HSD (10 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၈၀ | ၁၇၄၇ |
| 95 Ron | ၁၇၃၆ | ၁၈၀၄ |
| HSD (500 ppm) | ၂၀၅၃ | ၂၀၂၃ |
| HSD (50 ppm) | ၂၁၀၈ | ၂၁၇၉ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရအရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မကျီးစင်ကျေးရွာနေ နေလင်းသည် ၎င်းအသုံးပြုသည့် “Nay Linn” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဈေး(၁၈)လမ်းနေ ဒေါ်လာမင်းပိုင်သည် ၎င်းအသုံးပြုသည့် “Dollar Min Paing” Facebook အကောင့်၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာနေ ကောင်းစိုးစံ (ခ)စည်သူသည် ၎င်းအသုံးပြုသည့် “Kaung Soe San” Facebook အကောင့်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၈)ရပ်ကွက် ကျန်စစ်မင်းအိမ်ရာနေ ပြည့်ဖြိုးဦးသည် ၎င်းအသုံးပြုသည့် “Pyae Phyo Oo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ထုံးဝကျေးရွာနေ ဇော်ထက်သည် ၎င်းအသုံးပြုသည့် “Zaw Htet” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်

**ထန်းတပင် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်ဖြင့် ဇူလိုင် ၁၁ ရက်မှ စတင်ကာဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က ချောင်းကမ်းကျေးရွာ၊ အင်းယားကြီးကျေးရွာအုပ်စုများရှိ ကျွဲ၊ နွား မွေးမြူရေးတောင်သူများထံသို့ ကွင်းဆင်းကာ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ထန်းတပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာ နှင်းထက်ထက်အောင်က အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်း၍ ဒေသအတွင်း မွေးမြူရေးတောင်သူများ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ကူးစက်ရောဂါပြန့်ပွားမှုအား အချိန်တိုအတွင်း ထိရောက်ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား မွေးမြူရေးတောင်သူများကို အသိပညာပေးပြောကြားပြီး ကျွဲ၊ နွားများအား ကာကွယ်ဆေးများ ထိုးနှံပေးသည်။ ဆက်လက်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာ၊ လျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိက ဝက်အပြင်းဖျားရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်ကြောင်း သိရသည်။

**မြင့်မြတ်ဦး**

# မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။

( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။

( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်း ကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်တို့၌ အိမ်ထောင်စုစာရင်းပုံစံများ Data Base သို့ ဖြည့်သွင်းနေမှု ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဇူလိုင် ၁၈**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်တို့၌ အိမ်ထောင်စုစာရင်းပုံစံများအား သက်ဆိုင်ရာ ဝန်ထမ်းများက Data Base စနစ်ဖြင့် ဖြည့်သွင်းစိစစ်နေမှု အခြေအနေများနှင့်ပတ်သက်၍ သွားရောက်ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက လူဦးရေနှင့် အိမ်ထောင်စုအကြောင်းအရာများအား ပြည့်စုံမှန်ကန်စွာ ရရှိထားမှသာလျှင် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ မှန်ကန်သော စာရင်းဇယားအချက်အလက်များ ရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် ယခုဆောင်ရွက်သည့် စီမံချက်သည် နိုင်ငံအတွက် လုပ်ငန်းများ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်များအလိုက် ဖြည့်သွင်းစိစစ်ရမည့် အိမ်ထောင်စုစာရင်းပုံစံ အရေအတွက်များအား သတ်မှတ်ရက်အတွင်း ပြီးစီးရေး အလေးထား စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း လမ်းညွှန်ပြောကြားကာ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မွန်ပြည်နယ် အတွင်း အိမ်ထောင်စုစာရင်း ပုံစံများ ဖြည့်သွင်း စိစစ်ခြင်းများကို သက်ဆိုင်ရာ မြို့နယ်များအလိုက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် မြို့မိမြို့ဖများက မြို့နယ်များအလိုက် စုရပ်နေရာအသီးသီးတို့တွင် ဖြည့်သွင်းစိစစ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) Software Program အတွင်းသို့ စာရင်းရေးသွင်းနိုင်ရေးဆင့်ပွားသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်း၍ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) အား Software Program အတွင်းသို့ စာရင်းရေးသွင်းနိုင်ရေး ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၉ နာရီက လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်လှစ်ပို့ချမှုကို ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသန်းထွဋ်လွင်တို့က သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ လိုအပ်သည့်လမ်းညွှန်မှုများပြောကြားသည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းနိုင်တို့က ဆင့်ပွားသင်တန်းဖွင့်လှစ် ပို့ချမှုအစီအစဉ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) Software Program အတွင်းသို့ စာရင်းရေးသွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀ ဦးခန့် တက်ရောက်ကြပြီး အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) Software Program ရေးသွင်းခြင်းလုပ်ငန်းကို နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ တစ်လခွဲခန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဇော်ထွေး(ပြန်/ဆက်)



## (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**ကျောင်းကုန်း ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်း၊ ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးအကြောင်းနှင့် ယခုခေတ်လူငယ်များထားရှိရမည့် အာဇာနည်စိတ်ဓာတ်အကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အာဇာနည်နေ့အထိမ်းအမှတ်ပြသထားသည့် နံရံကပ်စာစောင်အား ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာခဲ့ကြပြီး ရုံးစာကြည့်တိုက်ခန်းမတွင် စာအုပ်ပြပွဲအဖြစ် ဇူလိုင်လတွင် ရောက်ရှိလာသော စာအုပ်အသစ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစားဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# အိပ်မက်ကြောင့်

**ပီမိုးနင်း**

ကျွန်ုပ်တို့မြန်မာလူမျိုးသည် အိပ်မက်ကို လွန်စွာအလေးပြုကြ၏။ အိပ်မက်ကြောင့်ပင် ကြောင့်ကြဖြစ်ကြရ၏။ အိပ်မက်ကြောင့် ချမ်းသာတော့မည်၊ ထီပေါက်တော့မည်ဟု ယုံကြည်ကာ အကြံအစည် အလုပ်အကိုင် ပေါ့လျော့ကြ၏။ အိပ်မက်ကြောင့် သုံးဆယ့်ခြောက်ကောင်နှင့် မြင်းပွဲမှာ ငွေကုန်ကြရလေသည်။

အိပ်မက်သည်အတိတ်ကိုဆောင်သည်ဟူသော စကားသည်မှန်၏။ အများအားဖြင့် အတိတ်ကအဖြစ်အပျက်များ ပြန်၍ပေါ်ပေါက်ခြင်းဖြစ်လေသည်။

ကျွန်ုပ်လည်း ဆိုင်ကိုလိုဂျီပညာကို မလေ့ကျက်မီက အိပ်မက်ကို အတော်ယုံကြည်မိသဖြင့် ကိစ္စများခဲ့ဖူးလေသည်။ ယခုသည်ကား အဘယ်လိုကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ကိုပင် မက်စေကာမူ အရေးမစိုက်၊ မကြောက်မရွံ့၊ အဘယ်မျှလောက်ကောင်းသော အိပ်မက်ကိုမက်သော်လည်း အယုံတရားမရှိပေ။ အိပ်မက်ကို စဉ်းစားတတ်လျှင် အဖိုးမဖြတ်နိုင်သောအသိဉာဏ်ကို ရနိုင်လေသည်။

(၁) အိပ်မက်သည် အတိတ်အခါက တွေ့ကြုံဖြစ်ပျက်ခဲ့ပြီးနောက် မေ့လျော့ပျောက်ပျက်၍နေသော အကြောင်းအရာ အဖြစ်အပျက်တစ်ခုခုကို အရိပ်အယောင် ပြန်၍ထင်ခြင်း။

(၂) အိပ်မက်သည် မက်သူ၏စိတ်၌ ဖြစ်ပေါ်၍နေသော ကြောင့်ကြပူပန်ခြင်း၊ လှုပ်ရှားခြင်းတစ်ခုခုကြောင့်လည်း ဖြစ်တတ်၏။

(၃) အိပ်မက်သည် ဘေးအန္တရာယ်၊ ပျက်စီး၊ ဆင်းရဲခြင်းကို နိမိတ်ပြသည်ဟု အဘယ်သောအခါမျှ စွဲမှတ်ခြင်းမပြုရ၊ အိပ်မက်ရာမက်မကောင်းဟူသော စကားကို ဖျောက်ရမည်။

(၄) အိပ်မက်သည် တောင့်တချက်တစ်ခုခုကို မရသဖြင့် စိတ်လျှော့ ဖျောက်ဖျက် မေ့လျော့၍ထားရာမှ ပေါ်ပေါက်ကာ အလိုပြည့်သည်ဟူ၍လည်း မက်တတ်၏။ ကြိုက်သောမိန်းမနှင့် ပေါင်းရသည်ဟူသော မက်နည်းမျိုးမပြုလုပ်ဘဲ ချုပ်၍ထားသော အမှုတစ်ခုခုကိုလည်းပြုရသည်ဟူ၍ မက်တတ်၏။

(၅) အိပ်မက်သည် အတိတ်အဖြစ်အပျက်များ၏ ကာတွန်းရုပ်ပြောင်များနှင့်လည်းတူ၏။ သို့ဖြစ်လေရာ အတိတ်ကာလ အဖြစ်အပျက်တစ်ခုခုကို မေ့လျော့ပြီးနောက် ထိုအဖြစ်အပျက်သည် စိတ်၌အတုံး (Complex) ဖြစ်ကာ ကိုယ်၌လည်းကောင်း၊ စိတ်၌လည်းကောင်း ရောဂါတစ်ခုခုဖြစ်သည့်အခါ အိပ်မက်ကို စစ်ဆေး၍ အကြောင်းရင်းကို ရှာဖွေကာ မေ့နေသော အဖြစ်အပျက်ကို သတိရအောင်ပြုခြင်းဖြင့် ရောဂါကို ပျောက်စေနိုင်၏။

ယခင် ဤဂျာနယ်တစ်ပတ်၌ “လူကြောက်ကြီး” ဟူသောဝတ္ထုမှာ မိန်းမနှင့်တွေ့လျှင် စကားမပြောနိုင်သောသူသည် အတိတ်၌ အရှက်ရခဲ့ပြီး မေ့၍နေခြင်းကြောင့် ဖြစ်လေသည်။

အကယ်၍ ထိုသူသည် အိပ်မက်များကို သေချာစွာ စစ်ဆေးချေက မေ့လျော့နေသော ထိုအတိတ်အဖြစ်အပျက်ကို သတိပြန်၍ရဖို့ရှိ၏။ သတိရသည်နှင့်တစ်ပြိုင်နက် ထိုရောဂါ အလိုလိုပျောက်ဖို့ရှိလေသည်။

သို့အတွက် ရှုပ်သောဝေဒနာမှစ၍ ပယောဂနှင့်တူသော ဝေဒနာအမျိုးမျိုး မဖြစ်နိုင်အောင် အိပ်မက်များကို စစ်ဆေးကာ မေ့လျော့သောအတိတ်အဖြစ်အပျက်များကို ပြန်၍သတိရအောင် အမြဲဂရုစိုက်သင့်ကြပေသည်။ အများအားဖြင့် ရှုပ်သောဝေဒနာဖြစ်တတ်လေသည်။

တစ်စုံတစ်ရာကို အတိတ်ကာလ၌ ထိတ်လန့်ခဲ့ပြီး မေ့၍နေအံ့။ ကြောက်လည်း ကြောက်သည်ဟု အော်ကာ အရူးရောဂါစတတ်လေသည်။ အကြံကြီးတစ်ခုကို ကြံခဲ့ပြီးနောက် မဖြစ်မြောက် မေ့လျော့ပျောက်ပျက်သည့်အခါ မင်းစိတ်၊ စိုးစိတ်၊ သူဌေးစိတ်မျိုးကဲ့သို့ ဘဝင်မြင့်ကာ ရူးတတ်ကြလေသည်။

(၆) လူ၏အတွင်းစိတ် ခေါ် subconscious minds သည် အဘယ်သောအခါမျှ မအိပ်၊ နိုးလျက်သာနေ၏။ ထိုစိတ်သည် လွန်စွာ တန်ခိုးကြီး၏။ ထိုစိတ်သည် ခပ်သိမ်းသောအရာတို့ကို သိ၏။ အိပ်ပျော်သည့်အခါ အိပ်မက်သည် ထိုစိတ်ဖြစ်၏။ ထိုစိတ်သည် အိပ်မက်တည်းဟူသော ရက်ကန်းကို ရှယ်၍နေစဉ် နိုးကြားသောစိတ်ပေါ်၍လာမှ ထိုအိပ်မက်ကို မှတ်မိ၏။ နိုးကြားသောစိတ် လုံးလုံးလျားလျား အိပ်၍နေလျှင် မှတ်မိမည်မဟုတ်ပေ။

ဆိုလိုရင်းကား မနိုးတနိုးခေါ်သော အခြေအနေ၌ မနိုးကြားသောစိတ်၏ ရက်ကန်းစင်ကို နိုးကြားသောစိတ်သည် အရိပ်အယောင် သိမြင်၏။ လင်းလင်းကြီး နိုးသောအခါ အတွင်းစိတ်သည် ရက်ကန်းရှယ်ခြင်းအလုပ်ကို လျင်မြန်စွာရုပ်သိမ်း၍ ပြေး၏။ သို့ဖြစ်လေရာ နိုးကြားသောစိတ်နှင့် မနိုးကြားသောစိတ်မှာ သိသိသာသာ ကြာကြာတွေ့လေ့မရှိပေ။ ထိုစိတ်နှစ်ခု ကြာကြာတွေ့ချေက လောက၌ အတိတ်၊ အနာဂတ်ကိုလည်းကောင်း၊ အဖြစ်အပျက်သဘောတရားတို့ကိုလည်းကောင်း အကုန်အစင် သိမြင်သောဉာဏ်ကို ရနိုင်လေသည်။

အကြောင်းမူကား ထိုစိတ်နှစ်ခု တွေ့ဖန်များသောအခါ အရာခပ်သိမ်းကိုသိသော၊ မနိုးကြားသောစိတ်ထံ၌ နိုးကြားသောစိတ်သည် တပည့်ခံယူနိုင်လေသည်။ ထိုစိတ်နှစ်ခု တွေ့ကြုံအောင် အဘယ်ပုံ လေ့ကျင့်ရပါမည်နည်း။

ညဉ့်အိပ်ရာဝင်သည့်အခါ အိပ်ပျော်သည့်တိုင်အောင် နိုးကြားသောစိတ်နှင့် အောက်ပါအတိုင်း စူးစိုက်စွာ ဆင်ခြင်ရမည်။

“ငါ၏ နိုးကြားသောစိတ်သည် မနိုးကြားသောစိတ်နှင့် တွေ့လိမ့်မည်။ အိပ်မက်ဟူသမျှကို အကုန်အစင် မှတ်မိလိမ့်မည်”ဟူသော ထင်မြင်နည်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် နိုးကြားသောစိတ် အသိပညာနှင့် နေကြရ၏။ မနိုးကြားသောစိတ်၏ အသိပညာမှာ ထိုထက်ကြီး၍ အစအဆုံးမရှိပေ။ သို့သော်လည်း ထိုအသိပညာများကို နိုးကြားသောစိတ်က မရရှိသောကြောင့်သာ သိသင့်သလောက် မသိဘဲနေကြရလေသည်။

ထိုစိတ်နှစ်ခုကို အဘယ်အခါမဆို တွေ့ကြုံအောင် လုပ်နိုင်သူသည် အိပ်မှုနှစ်ပုံမွှား မနိုးမပျော်သော အခြေအနေ၌ ရှိနေ၏။ ထိုအခြေအနေ၌ အတိတ်၊ အနာဂတ်ကိုလည်းကောင်း၊ အဝေးကိုလည်းကောင်း ထင်မြင်နိုင်လေသည်။

အိပ်မက်များကို ဒိုင်ယာရီနှင့် ရေးမှတ်ကာ မကြာမကြာဖတ်ရှု၍ အတိတ်ကို ပြန်လှန်တွေးတောခြင်းသည် ဆန်းကြယ်သော ဝေဒနာများ၊ ရှုပ်သောဝေဒနာများမှ ကွယ်ကာခြင်းပင် ဖြစ်၏။

(၇) နုသောအိပ်မက်များသည် နိုးကြားသောစိတ်ကို မထိခိုက်သဖြင့် မေ့လျော့ပျောက်ပျက်၏။ သတ်ခြင်း၊ ပုတ်ခြင်း၊ အမြင့်ကကျခြင်း စသည့်အိပ်မက်ကြမ်းများမှာ မနိုးကြားသောစိတ်၏လက်မှလွတ်ကာ နိုးကြားသောစိတ်ကို ထိခိုက်သဖြင့် မှတ်မိလွယ်၏။

(၈) အိပ်မက်၏ သဘာဝတစ်ခုကား တစ်စက္ကန့်မျှသောအချိန်၌ နာရီပေါင်းများစွာကြာသည့် အဖြစ်အပျက်များကို မက်တတ်ခြင်းဖြစ်လေသည်။

သာလွန်အရေးကြီးသောအချက်ကား အိပ်မက်နှင့်ပတ်သက်၍ ကြောင့်ကြပူပန်ခြင်း မရှိအပ်ခြင်း၊ အိပ်မက်ကို အားကိုးပြီး အကြံအစည် မပေါ့အပ်ခြင်းတို့ ဖြစ်လေသည်။

ထိထိုး၍ထားခိုက် စိတ်မှာကြွယ်ဝလိုသောဆန္ဒကြီးစွာရှိ၏။ သို့ဖြစ်သောကြောင့် သူဌေးသူကြွယ်များ၏ အခြေအနေမျိုးများကို အိပ်မက်မက်တတ်လေသည်။ လူတစ်ယောက်ကို တွေ့ဖူး၏။ ၎င်းသည် ထီဟူသမျှထိုး၏။ အိပ်မက်ကောင်းကိုရပြီးသော နံနက်အခါများ၌ အလုပ်ကို မလုပ်တော့ပေ။ အိပ်မက်ကိုသာ ပြော၍နေလေသည်။ ဤနည်းမျိုးနှင့် ဘဝမြင့်ကာ ရူး၍နေသူတစ်ယောက်ကိုလည်း တွေ့ဖူးလေသည်။

ခရီးသွားသူတစ်ယောက်အတွက် စိတ်ပူအားကြီးသည့်အခါ စိုးရိမ်ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ အိပ်မက်များကို ထိုလူနှင့်ပတ်သက်၍ မြင်မက်တတ်၏။

**ဘားမားဂျာနယ်၊ နံပါတ် ၃၅၊ ဇန်နဝါရီလ**

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**အောင်မြင်မှုနည်းနာကိုရယူပါ**

“ကျွန်တော်တို့တစ်တွေ ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက် လုပ်ခဲ့မယ်ဆိုရင် ရလဒ်တွေအတွက် ပြန်ပြီးလေးစားအံ့အားသင့်လို့ဆုံးမှာမဟုတ်ဘူး”

**သောမတ်စ်အက်ဒီဆင်(၁၈၇၄-၁၉၃၁)**

အောင်မြင်မှုကို လူတိုင်းက ရှာဖွေနေကြသည်။ သို့သော် အောင်မြင်မှုဟူသည် ရှာဖွေရုံသက်သက်ဖြင့် တွေ့ရှိနိုင်သည်မဟုတ်။ တကယ်ကို အောင်မြင်မှုရရှိလိုလျှင် တကယ်ကို လုပ်ဆောင်ရသည်များရှိပေသည်။

မည်သို့လုပ်ဆောင်ရမည်နည်း။

ထိုအောင်မြင်မှုရရှိလိုသည့်အတွေးကို ဦးစွာရှိနေရန်လိုအပ်သည်။ ရရှိသည့်အတွေးကို အကောင်အထည်ဖော်ရာတွင် နည်းလမ်းအမျိုးမျိုး၊ လုပ်ဆောင်မှုအထွေထွေရှိပေသည်။ သို့တိုင် အလွယ်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်း (၁၀) ချက်ကား ရှိနှင့်ပြီးဖြစ်သည်။ ထိုနည်းလမ်းများကို ဖွဲ့လှဲ့လ၊ ဝီရိယတို့ဖြင့် အခြေခံအရင်းတည်ကာ လုပ်ဆောင်သွားရုံ၊ ကျင့်ကြံသွားရုံသာလိုပေသည်။

၁။ တကယ်ဖြစ်ချင်ရင် တကယ်လုပ်ဆောင်ပါ။
၂။ ရှုဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာလုပ်ဆောင်ပါ။
၃။ မျှတစွာ သုံးသပ်လုပ်ဆောင်ပါ။
၄။ နေ့စဉ် ကြိုးစားအားထုတ်မှုပြုပါ။
၅။ စိတ်ကောင်းစေတနာကောင်းဖြင့် လုပ်ဆောင်ပါ။
၆။ ပေးဆပ်မှုကို ရှေ့တန်းတင်ပါ။
၇။ အိပ်မက်ကြီးကြီးကို ရဲရဲမက်ပါ။
၈။ အချိန်ကို တန်ဖိုးရှိရှိအသုံးချပါ။
၉။ လူမှုဆက်ဆံရေးကောင်းရှိပါ။
၁၀။ အခွင့်အရေးကို မိအောင်ဖမ်းပါ။

အဆိုပါနည်းလမ်းများကို လိုက်နာကျင့်ဆောင်နိုင်ခြင်းအားဖြင့် အောင်မြင်မှုဟူသည့်အရာက အလိုလို ရောက်ရှိလာမည်ဖြစ်သည်။ အောင်မြင်မှုဟူသမျှကို လူသားတိုင်းက သည်းခြေကြိုက်ကြသည်ဖြစ်ရာ




ရှာဖွေကြသည်ချည်းလည်းဖြစ်သည်။ သို့တိုင် အချို့ဆိုလျှင် သေဆုံးသွားသည့်တိုင် သူတို့ရှာဖွေခဲ့သည့်အောင်မြင်မှုကို တွေ့ရှိမသွားနိုင်သူများစွာ ရှိနေပေသည်။

သို့ဖြစ်၍ အောင်မြင်သူသည် လောကတွင် များများစားစားရှိနိုင်သည်မဟုတ်။ အနည်းအကျဉ်းသာ အောင်မြင်မှုသရဖူကို ပိုင်ဆိုင်နိုင်ကြသည်။

အကြောင်းရင်းမှာ လူတိုင်းလူတိုင်းက အောင်မြင်လိုသည့် ဆန္ဒရှိကြသည်ကတော့ အမှန်ပင်ဖြစ်သော်လည်း လုပ်ဆောင်ရမည့်နည်းနာများကို တလွဲလုပ်ဆောင်မှုများကြောင့်သာ ဖြစ်သည်။ ကမ္ဘာကျော်အောင်မြင်ကျော်ကြားသည့် သူဌေးကြီးများ၏ အတ္ထုပ္ပတ္တိများကို လေ့လာကြည့်လျှင်တွေ့နိုင်ပေသည်။ အောင်မြင်ကျော်ကြားပြီး ချမ်းသာကြွယ်ဝသူများသည် မအောင်မြင်ခင်အချိန်က ဘဝတစ်လျှောက်လုံးတွင် ကျားကုတ်ကျားခဲ ပြင်းပြင်းထန်ထန် ကြိုးစားရုန်းကန်ခဲ့ကြရသည်ချည်း ဖြစ်ပေသည်။

“လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်တိုင်ပဲ ရေးနေကြရတာ ဖြစ်ပါတယ်။”

ဆိုရိုးစကားတစ်ခုပင်ဖြစ်သော်လည်း ယနေ့တိုင်မှန်ကန်မြဲ မှန်ကန်နေဆဲဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက မှန်ကန်ခဲ့သည့် ဆိုရိုးစကားဖြစ်ပြီး နောင်အနာဂတ်ကာလများတွင်လည်း မှန်ကန်နေပေဦးမည့် ဆိုရိုးစကားပင်။

လူတိုင်းသည် မိမိ၏အနာဂတ်ကို မိမိကသာ ပုံဖော်နိုင်ကြသည်ဖြစ်ရာ အောင်မြင်ကြီးပွားချမ်းသာရေးအတွက်လည်း မိမိ၏ လုပ်ဆောင်မှု၊ ကြိုးစားမှုတို့အပေါ်တွင်သာ တည်မှီနေလေသည်။ သို့ဖြစ်သောကြောင့် မိမိကိုယ်ကိုသာ ကနဦးအနေဖြင့် ကောင်းအောင်၊ တိုးတက်အောင်၊ အောင်မြင်အောင်၊ ကြီးပွားချမ်းသာအောင် ကြံဆောင်ကြိုးစားရုန်းကန်ကြရမည်ဖြစ်သည်။

ကြိုးစားမှုကြောင့် ရရှိလာနိုင်သည့်အကျိုးရလဒ်သည် အချည်းနှီးမဖြစ်နိုင်။ ထို့ကြောင့် မိမိလုပ်ဆောင်နေရသည့်အလုပ်၌ဖြစ်စေ၊ မိမိသင်ယူနေရသည့် ပညာရပ်နယ်ပယ်၌ဖြစ်စေ၊ မိမိကျင်လည်နေရသည့် ဝန်းကျင်အသိုင်းအဝိုင်း၌ဖြစ်စေ တာဝန်သိတတ်စွာဖြင့် ကြိုးစားလုပ်ဆောင်မှုမှန်သမျှသည် မိမိအတွက်ရလဒ်ကောင်းများစွာကို သယ်ဆောင်လာမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပေသည်။

သို့ဖြစ်၍ လူသားတိုင်းသည် ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက် လုပ်ခဲ့မည်၊ စွမ်းဆောင်ခဲ့မည်ဆိုပါက ရလဒ်များအတွက် ပြန်ပြီးစဉ်းစားကြည့်သည့်အခါ မိမိကိုယ်မိမိ လေးစားအံ့အားသင့်၍ဆုံးမှာမဟုတ်ဘူးဟုလည်း သောမတ်စ်အက်ဒီဆင်က ပြောကြားထားပြီးဖြစ်သည်။

ယင်းတို့သည် အောင်မြင်မှုကိုရှာဖွေတွေ့ရှိနိုင်သည့်နည်းနာများနှင့် လိုက်နာကျင့်ဆောင်ရမည့် စိတ်ထား၊ ကျင့်ဝတ်၊ လုပ်ဆောင်မှုများဖြစ်ပေရာ ယနေ့မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် လေ့လာမှတ်သားကာ ကျင့်ကြံကြိုးစားလုပ်ဆောင်နိုင်ကြမည်ဆိုလျှင် အောင်မြင်မှုကိုအခိုင်အမာရရှိမည်ဖြစ်ပြီး ကြီးပွားချမ်းသာလာမည်မှာ မလွဲဧကန်ပင် ဖြစ်ပေတော့သည်။ ။

# အလုပ်ကောင်းသူဖြစ်ချင်သလား

မောင်ထူးချွန်

အလုပ်ကောင်းသူဖြစ်ချင်သလားဆိုရင် ဖြစ်ချင်ကြမှာပါပဲ။ ကံကောင်းရင် အလုပ်ကောင်းမှာ သေချာပါတယ်။ ကံဆိုတာ အလုပ်ဖြစ်တယ်။ ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ အလုပ်ကောင်းဖို့အတွက် ကံကောင်းဖို့လည်း လိုအပ်တယ်။

ဒီတော့ကံကောင်းဖို့ ဘာလုပ်ရမလဲ အဖြေရှာရတော့မယ်။

သတ္တဝါတို့မှာ ကံသာလျှင် အားကိုးရာအစစ်ဖြစ်လို့ "ကံသာလျှင်အမိ၊ ကံသာလျှင်အဖ" လို့ဆိုကြခြင်း ဖြစ်ပေတယ်။ ကံတရားဆိုတာ အရေးကြီးတယ်။ ဒါပေမဲ့ "ကံယုံဆူးပုံမနင်းရာ" ဆိုတဲ့ မြန်မာဆိုရိုးစကားတော့ သတိထားရမယ်။

ကောင်းကံ၊ ဆိုးကံဆိုတာ ဘယ်သူမှဖန်ဆင်းတာမဟုတ်။ ဘယ်သူမပြု မိမိမှုပဲ။ ကံကောင်းချင်ရင် ကံအကြောင်းသိမှ ဖြစ်မယ်။ ကောင်းကံကိုဖြစ်စေ၊ ဆိုးကံကိုဖြစ်စေ ရွေးချယ်နိုင်တာလည်း မိမိကိုယ်တိုင်ပါပဲ။ ဒါကြောင့် မောင်တို့မယ်တို့ သိထားရမှာက ကိုယ်တိုင်သာလျှင်အဓိကဖြစ်တယ်။ မိမိကိုယ်တိုင် ပြုလုပ်သမျှတွေဟာ ကံကောင်းမှုကိုဖြစ်စေနိုင်သလို၊ ကံဆိုးမှုကိုလည်း ဖြစ်စေနိုင်တာပါပဲ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးတာပဲ ဖြစ်တယ်ကွယ့်။ ကိုယ့်ဘဝအနာဂတ်အတွက် ကိုယ်လုပ်ဆောင်ခဲ့မှုတွေကသာ အခြေခံဖြစ်တယ်။ အရင်းအမြစ်ဖြစ်တယ်။ ဒီအပေါ်မှာတည်မှီပြီးတော့ ဘဝတစ်လျှောက်မှာ တစ်ဦးနဲ့တစ်ဦးရပ်တည်မှု၊ ဖြတ်သန်းမှုဆိုတာတွေ ကွဲပြားခြားနားသွားတော့တာပါပဲ။

ဆိုကြပါစို့ကွယ်။ လောလောဆယ် ဥပမာပေးရရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းတွေ ထွက်လာတဲ့အခါတုန်းက အောင်မြင်ခဲ့ကြတာချင်းအတူတူမှာ ထူးချွန်စွာအောင်မြင်ခဲ့ကြသူတွေအတွက် အခွင့်အလမ်းတွေက ဆီးကြိုနေကြတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိကာ ထူးချွန်စွာအောင်မြင်ခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတော်က ပြည်ပနိုင်ငံတွေကို လေ့လာရေးစေလွှတ်ပေးတာ မောင်တို့မယ်တို့အသိပဲမဟုတ်လား။

အဲဒါပါပဲ၊ ကြိုးစားမှုရဲ့ အသီးအပွင့်ကို စတင်ခံစားရတာဆိုပါတော့။ ဒီအခွင့်အလမ်း၊ ဒီအသီးအပွင့်ဟာ ဒီနေရာမှာတင် ရပ်နေမှာမဟုတ်ဘူးနော်။

ဒါကအစပဲရှိသေးတာ။ အောင်မြင်မှုရဲ့ အစကနဦးပဲရှိသေးတာ။ တစ်နိုင်ငံလုံးမှာ ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိအောင်မြင်



ခဲ့လို့ဆိုတဲ့ ထင်ပေါ်မှု၊ ကြိုးစားခဲ့မှုရဲ့ အတွေ့အကြုံတွေက ဆက်လက်ပြီး ပညာဆည်းပူးရာမှာလည်း များစွာအထောက်အကူပြုနေဦးမယ်။ အောင်မြင်မှုကြောင့်ရရှိလာတဲ့ ထူးချွန်မှုအသီးအပွင့်က တက္ကသိုလ်တွေဆိုရင်လည်း မိမိစိတ်ကြိုက်ရွေးချယ်တက်ရောက်နိုင်တဲ့ အခွင့်အလမ်းတွေရရှိမယ်။ မိမိစိတ်ကြိုက် ဖန်တီးခွင့်ကိုရရှိလာတဲ့ ကြိုးစားမှုရဲ့ အသီးအပွင့်ပေါ့။ ဒါတွေဟာ မိမိကိုယ်တိုင်ရဲ့ ကြိုးစားအားထုတ်ခဲ့မှုကြောင့်ပဲဖြစ်တယ်။ ဒီအခွင့်အရေးတွေဟာ မိမိရဲ့စာကြိုးစားခဲ့မှုဆိုတဲ့ အလုပ်ကောင်းခဲ့လို့ပဲဖြစ်တယ်။ အလုပ်ကောင်းခဲ့လို့ ကံကောင်းတယ်ဆိုတဲ့ ဝိသေသကို ရရှိခံစားရတာပေါ့ကွယ်။

ဒါတင်ပဲလားဆိုရင် ဘယ်ကမလဲကွယ်။

မိမိစိတ်ကြိုက်တက္ကသိုလ်ကိုတက်ခွင့်ရလို့ မိမိစိတ်ဟာ ရွှင်လန်းတက်ကြွနေမယ်။ မိမိဝါသနာပါရာ လုပ်ဆောင်ရလို့ လုပ်ဆောင်မှုတိုင်းဟာ ပိုမိုတောက်ပအောင်မြင်နေမှာပါပဲ။

ဒီလို တက်ကြွရွှင်လန်းအောင်မြင်နေတာတွေ့ရတဲ့မိဘတွေဟာလည်း ကျေနပ်ကြည်နူးပီတိဖြစ်နေကြမယ်။ စိတ်ချမ်းသာမှုရနေကြမယ်။ မိဘစိတ်ချမ်းသာအောင် စွမ်းဆောင်နိုင်တဲ့သားသမီးဟာ ဘယ်တော့မှ မဆင်းရဲဘူးကွယ့်။ မိဘတင်ဘယ်ကမလဲ၊ ဆရာသမားတွေကလည်း စိတ်ချမ်းသာ၊ ဂုဏ်ယူနေကြမှာပဲလေ။ ဘယ်လောက်များ ကောင်းလိုက်သလဲကွယ်။

ဒီတော့ ပညာသင်ယူပြီးဆုံးလို့ ဘွဲ့တွေရလာမယ့်အချိန်မှာလည်း အကောင်းဆုံးအဆင့်တွေနဲ့ အောင်မြင်ကြဦးမှာပဲ။ ဘွဲ့လွန်ပညာရပ်တွေကိုလည်း လွယ်လင့်တကူသင်ယူတတ်မြောက်ကြဦးမယ်။ အခွင့်အရေးတွေကောင်းလိုက်တာ၊ အနာဂတ်အတွက် လမ်းဆိုတာ ဖြောင့်ဖြူးလို့၊ မောင်တို့မယ်တို့ အမြင်ပဲနော်။ မျက်စိရှေ့မှာ ဖြစ်နေတာတွေက လက်တွေ့သိပ်ဆန်တယ်။ အချိန်တွေက ရွေ့လျားနေတာ။ တစ်နှစ်တစ်နှစ်မှာကို ကွာခြားသွားတော့မှာ၊ ကြိုးစားသူဟာ ရှေ့ကို ရောက်ရောက်သွားတော့မှာဆိုတာ အသေအချာပဲ။

အခွင့်အလမ်းတွေကလည်း ဆီးကြိုနေမှာပေါ့။ ကြိုးစားသူတွေအတွက် အမြဲတမ်းအဆင်သင့်ဖြစ်နေတာက အခွင့်အလမ်းတွေပဲဆိုတာ မောင်တို့မယ်တို့ မှတ်သားထားစေချင်တယ်။ လက်တွေ့အခြေအနေမှာကိုက ဖန်တီးပေးလာတာနော်။

ဒီတော့ မောင်တို့မယ်တို့တစ်တွေဟာ "အချိန်ရှိတုန်းကြိုးစားရုန်းကန်ကြရမယ်" ဆိုတာကို နှလုံးသွင်းထားရမယ်။

ငယ်ရွယ်စဉ်ကကြိုးစားမှုတွေရဲ့ အသီးအပွင့်တွေဟာ အရွယ်ရောက်လာတဲ့အခါ ဘဝအတွက် အဆင်သင့် ဖြစ်နေမှာပေါ့။ ကျောင်းသား ကျောင်းသူအရွယ်မှာ မိမိလုပ်ဆောင်ရမယ့် ကြိုးစားမှုကို လုံးဝမလျှော့နဲ့။ တစ်စိုက်မက်မက်ကြိုးစားပါ။ ထူးချွန်သူတွေကို လေ့လာပါ။ ကိုယ်လည်းထူးချွန်ရမယ့် အခွင့်အလမ်းတွေရှိနေတာပါပဲ။

ဝန်ထမ်းအရွယ်ဆိုရင်လည်း အစိုးရဝန်ထမ်းပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကဝန်ထမ်းပဲဖြစ်ဖြစ် မိမိကျရာတာဝန်မှာ ကျေပွန်အောင်ကြိုးစားထမ်းဆောင်နိုင်ရင် အနာဂတ်မှာ အခွင့်အလမ်းတွေပေါ်ပေါက်လာမှာပါပဲ။

ကြိုးစားမှုရဲ့ အသီးအပွင့်တွေဟာ ဘယ်တော့မှ မျက်နှာမလိုက်ပါဘူး။ ညီတူညီမျှရရှိတာပါပဲ။ နည်းနည်းကြိုးစားရင် နည်းနည်းရမယ်။ များများကြိုးစားရင် များများရမယ်။ ကြိုးစားမှုဆိုတဲ့ အလုပ်ကိုကောင်းအောင်လုပ်ဆောင်နိုင်ရင် ကံကောင်းမှုတွေက အလိုလိုဖြစ်လာမယ်။ ဒါဆိုရင် ကံကောင်းမှုတွေရရှိလာမယ်။ ကံကောင်းရင် အလုပ်ကောင်းမယ်၊ အလုပ်ကောင်းရင် ကံကောင်းမှာပါပဲ။ အဲဒီလိုသာ ကျားကုတ်ကျားခဲကြိုးစားလိုက်မယ်ဆိုရင် မောင်တို့မယ်တို့ဟာ အလုပ်ကောင်းသူတွေဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# ကိုယ့်သတင်း ကိုယ်ဖန်တီးပါ

အောင်မြတ်စည်သူ

သင်သည် သတင်းအစီအစဉ်ကြီးများကို ပုံမှန်ကြည့်ရှုသူဖြစ်ပါက အလွန်ပင်နားချနိုင်သော၊ စိတ်ညှို့နိုင်သော သဘောတရား ဂိုဏ်းဝင်တစ်ဦးပင်ဖြစ်သည်။ သင့်တရားကို ပြန်ဖျက်ပစ်ရန်လိုသည်။

အီလက်ထရွန်နစ်ရေဒီယို၊ အတင်းအဖျင်းသတင်း၊ အထိတ်တလန့်နှင့် လုပ်ကြံတီဗွီပွဲများကို ကြည့်ရှုနားထောင်ပုံကို ပြုပြင်ပြောင်းလဲခြင်းဖြင့် အစပြုရမည်။ သတင်းများကို သင်ကြားသောအခါတွင် သင့်စိတ်ထဲသို့ အထိန်းအကွပ်မဲ့ စီးဆင်းဝင်ရောက်စေသော မကောင်းအမြင်များ၊ သံသယနှင့် အယုံအကြည်တန်အတွေးများကို ဖြတ်ထုတ်ပစ်ပါ။

ကျွန်တော်သည် မြို့ပြသတင်းစာတိုက် တစ်တိုက်တွင် အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး သတင်းအယ်ဒီတာများက အထိတ်တလန့်အဖြစ်နိုင်ဆုံး သတင်းများကို မည်မျှခက်ခက်ခဲခဲ ရှာဖွေတတ်ကြပုံကို ကျွန်တော်အမှတ်ရမိသည်။

သတင်းတိုင်းကား သတင်းမဟုတ်ချေ။ သတင်းဆိုးမှ သတင်းဖြစ်သည်။ တမင်တကာ ထိတ်လန့်တုန်လှုပ်စေနိုင်သော သတင်းက အကောင်းဆုံးသတင်းပင်။ ထိုအချက်ကို သင်သတင်းအဖြစ် လက်ခံလေလေ "ဒီလိုပါပဲ"ဟု သင်ယုံကြည်လေလေဖြစ်ပြီး သင်ပို၍ အကြောက်အလန့်ကြီး၊ မကောင်းမြင်စိတ်ကြီးလာသည်။

ကျွန်တော်တို့သည် နေ့စဉ်သတင်းစာတိုင်းနှင့် ရုပ်မြင်သံကြားအစီအစဉ်အများစုနှင့် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများတွင် မည်မျှယုတ်မာ၊ အဆိုးမြင်နှင့် အဖျက်တရားများ တမင်ပင်ထည့်သွင်းတင်ပြထားကြောင်း အတိအကျသဘောပေါက်လျှင် ကျွန်တော်တို့သည်ဦးနှောက်များကို သူတို့ အမှိုက်သရိုက်များဖြင့် လွှမ်းမိုးခံရမည့်အနေကို ဆန့်ကျင်ပေလိမ့်မည်။

ကျွန်တော်တို့အများစုသည် ကျွန်တော်တို့ဦးနှောက်ထဲသို့ ညစဉ်ကျွန်တော်တို့ထည့်သွင်းသည့်အရာများ ကောင်း၊ မကောင်းထက် ကျွန်တော်တို့ကားဆီတိုင်ကီထဲ ထည့်သွင်းသည့်ဓာတ်ဆီကောင်း၊ မကောင်းကို ပို၍အရေးတယူလုပ်ကြသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့ရွေးချယ်မှုကို သိစိတ်ဖြင့် သေချာစိစစ်မှုမပြုပါဘဲ ကျွန်တော်တို့စိတ်အာရုံက ခံစားမှုဖြင့်သာ အဆုံးသတ်နေသည်။

ဤသည်တို့ကို ကျွန်တော်တို့ မည်သို့ပြောင်းလဲမည်နည်း။

ယင်းအကြောင်းကို စိုးရိမ်ပူပန်ရခြင်းလား၊ မဟုတ်ပါ။ မှခင်းနှင့် ဥပေက္ခာတရားနှင့် ကမ္ဘာကြီးကို ပြောင်းလဲအောင်ပြုနိုင်သည်ဟု သင်ယူဆသောအရာများအကြောင်း စိတ်ကယောက်ကယက်ဖြစ်နေမည့်အစား "သင်မြင်လိုသော အပြောင်းအလဲသည် သင်ဖြစ်ရမည်"ဟု ပြောကြားခဲ့သော ဂန္ဒီ၏စကားကို သတိချပ်ခြင်းက ပို၍အကျိုးရှိစေတတ်သည်။

ဆန်ဖရန်စစ္စကို စာရေးဆရာနှင့် ဂီတာပညာရှင် ဂယ်ရီလက်ခ်မင်းသည် World Rejection and Criminal Romantics (လောက၏ စွန့်ပယ်မှုနှင့် စိတ်ကူးယဉ်သော ရာဇဝတ်အရေးအခင်းများ) ဟု အမည်ပေးထားသော အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့်စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်တွင် အောက်ပါအတိုင်း တင်ပြထားခဲ့သည်။

"တီဗွီမှာ ရိုက်ကူးတင်ဆက်ခဲ့ရသော သူမှာ တက်ဒ်ဘန်ဒီစ်များပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် အသွင်ပြောင်းရေးအတွက် တိတ်တဆိတ် လူမသိသူမသိ ကိုယ်ထူကိုယ်ထ အမှန်တကယ် ဆောင်ရွက်နေသော လူထောင်ပေါင်းများစွာ မဟုတ်ချေ။

လာမည့်ရာစုနှစ်၏မျက်နှာကို ပုံဖော်မှုပြုမည်မှာလည်း ထိုသူတို့၏ သြဇာအရှိန်အဝါပင် ဖြစ်သည်။ တက်ဒ်ဘန်ဒီစ်များ၏ သြဇာအရှိန်အဝါ မဟုတ်ချေ။

ကျွန်တော်တို့သည် မီဒီယာ၏ မှုခင်းနှင့် ဇာတ်ရှုပ်သတင်းများကို ပေယျာလကန်ထားရန် အခွင့်အလမ်း မရတတ်လေ့ရှိသည်။

ထို့ကြောင့် ထိုသတင်းများအား ယင်းတို့၏ လောင်းရိပ်ကို အမြဲတစေ ကင်းပစေသောနည်းလမ်းဖြင့် နားထောင်ရန် အရေးကြီးလှပေသည်။

ကုန်စုံဆိုင်သတင်း ဂျာနယ်လစ်ဇင်ကို ကျွန်တော်တို့ ဖြတ်သန်းသောအခါ သတင်းပလပ်မှုပြုပုံက အတော်ကောင်းပါသည်။ အိမ်ဖြူတော်တွင် တခြားကမ္ဘာမှ ဂြိုလ်သားများ နေထိုင်သည့်အကြောင်း မဖတ်ရှုမိကပင် ကျွန်တော်တို့ ပြုံးမိကြသည်။

ကျွန်တော်တို့သည် "အလေးအနက်" မီဒီယာဟုဆိုသော သတင်းများကို ခံစားရာတွင်လည်း အလားတူသဘောထားရှိရန် လိုအပ်သည်။

မျက်မှောက်ကာလမီဒီယာ၏ အကျိုးမဲ့သရုပ်သဏ္ဌာန်များကို သင်ကောင်းကောင်းမွန်မွန် စစ်ထုတ်လိုက်ပြီးနောက်တွင် ရှေ့တစ်လှမ်းတိုးလိုက်ပါ။ ကိုယ့်သတင်း ကိုယ်ဖန်တီးပါ။ ကိုယ့်သတင်းဦး သတင်းထူးကိုယ်ဖြစ်ပါစေ။ သင့်ဘဝတွင် ဘာဖြစ်နေမှန်းသိရန် မီဒီယာကို ကြည့်ရှု၊ မီဒီယာ၏အပြောကို စောင့်မနေပါနှင့်။ ဖြစ်ပျက်နေသည့်အရာကို ကြည့်လိုက်ပါ။

Ref: Create your own news by Steve Chandler

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ကိုမောင်မောင်ဦးအဖို့ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားတို့မှာ နားမခံသာအောင် ဖြစ်သွားရပုံပေါ်သည်။ သူ တစ်စုံတစ်ရာပြောမည် ပြုသည်။ အမျိုးသမီးက အပြောမခံဘဲ စကားဆက်သည်။

"နန်းကိန္နရီဟာ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ။ အနာအဆာကင်းတဲ့ ကလေးပါ။ ရှင်ဘာဖြစ်လို့ သူ့ရဲ့ကမ္ဘာကို ဖျက်ဆီးပစ်ခဲ့ရတာလဲဟင်။ ဒီမယ် ကိုမောင်မောင်ဦး၊ ရှင့်အပြုအမူတွေဟာ ကျွန်မနဲ့ပတ်သက်လို့ တရားလွန်လွန်းရာ မကျဘူးလား။ ကျွန်မကိုလည်း ဖျက်ဆီးခဲ့ပြီးပြီ။ တစ်သက်လုံး ပူဆွေးဝမ်းနည်းစရာတွေကို ပေးခဲ့ပြီးပြီ။ ရှင့်ကြောင့် ကျွန်မနဲ့ပတ်သက်တဲ့လူတွေ ဒုက္ခရောက်ခဲ့ရပေါင်းလည်း များလှပါပြီ။ ရှင့်အနေနဲ့ ကျေနပ်သင့်ပါပြီ ကိုမောင်မောင်ဦးရယ်။ ကျေနပ်သင့်ပါပြီ"

သည်တွင် ကိုမောင်မောင်ဦး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ကိုယ်တစ်ခုပြောမယ် ညီမ" သူသည် မသုံးခဲ့သည်မှာကြာပြီဖြစ်သော "ညီမ" ဟူသည့် အသုံးအနှုန်းကို ပြန်သုံးသည်။ "ကိုယ်နဲ့ပတ်သက်လို့ ညီမထင်ထားတာတွေဟာ အမှားချည်းပဲ။ အခွင့်သင့်တဲ့အခိုက်ပြောပါရစေ။ ဖြေရှင်းပါရစေ။ ညီမအပေါ်မှာ ကိုယ်အဆိုးတွေ ဖန်တီးပေးသလို ဖြစ်ခဲ့ရတယ်။ ဘဝတစ်လျှောက်လုံး ကိုယ့်အပေါ် အဆိုးမြင်စရာချည်း ပေါ်ပေါက်ခဲ့တယ်။ တမင်ဖန်တီးရင်တောင်မှ ဒါတွေဟာ ဖြစ်ချင်မှဖြစ်မှာပါ။ အမှန်တော့ ကိုယ်ဟာ ညီမအပေါ်မှာ အဆိုး မဖန်တီးခဲ့ချင်ရိုး အမှန်ပါကွယ်။ အစက စပြောမယ်။ ညီမမှာ ကိုယ်ဝန်ရှိမှန်းသိတော့ တကယ်လက်ထပ်မယ်လို့ စိတ်ဆုံးဖြတ်ခဲ့တယ်။ ဒီတုန်းက ကိုယ်မြို့ကို ပြန်လာတယ်။ ယင်းချောင်းမှာ ရေကျနဲ့မိလို့ တစ်ည အိပ်ခဲ့ရတယ်။ အဲဒီတစ်ညဟာ ဘဝတစ်ခုလုံးကို ပြောင်းလဲလိုက်တာပါပဲ။ တကယ်လို့ ဒီတစ်ညသာ စောရောက်မယ်ဆိုရင် ညီမအိမ်က နှင်အချခံရတာတွေ၊ မြို့က ပျောက်ကွယ်သွားတာတွေ ဖြစ်မလာနိုင်ပါဘူး။ ထားတော့"

"ညီမရဲ့ ဖေဖေ ဦးအောင်ခန့် ဂျပန်တွေရဲ့လက်မှာ ရှိနေတုန်းက ကိုယ်ကယ်တင်မယ်၊ ကယ်တင်ခွင့်ရရင် ညီမနဲ့ပြန်ပြီး အဆင်ပြေနိုင်မယ်လို့ ယုံကြည်ခဲ့တယ်။ ဒီတုန်းကလည်း အခြေအနေက ဘယ်လိုမှ နှုတ်မရနိုင်အောင် ဖြစ်ခဲ့ရတယ်။ ကိုယ့်ဖေဖေကို ဦးအောင်ခန့်လွတ်မြောက်အောင် အကူအညီတောင်းတဲ့အခါမှာ ဦးအောင်ခန့်ဟာ သေဆုံးခဲ့ပြီး ဖြစ်နေတယ်။ ဒီတုန်းကတစ်ကြိမ် လွဲခဲ့ရပြန်တယ်"

"နောက်ဆုံးကိစ္စကို ပြောမယ်။ နန်းကိန္နရီကို အကြောင်းပြုပြီး ငွေညှစ်တဲ့ကိစ္စ။ ဒီကိစ္စမှာ ကိုယ်မပါဘူး။ ကိုယ်မသိခဲ့ပါဘူး။ ကိစ္စကို အဓိကဖန်တီးခဲ့တဲ့လူဟာ ကျော့မောင်ပဲ။ သူနဲ့ပတ်သက်ပြီး တစ်စွန်းတစ်စပါဝင်လာရာက ညီမရဲ့ အထင်လွဲမှုကို ခံခဲ့ရတာပဲ။ ကျော့မောင် မသေသေးပါဘူး။ အခု ရှိနေဆဲပါပဲ။ အဲ ကိုငှက်ရိုး၊ သူလည်း ဒီအကြောင်းတွေ အကုန်အစင်သိတယ်။ သူတို့ကို မေးရင် ရနိုင်ပါသေးတယ်။ လောလောဆယ် ဖြစ်ပျက်ခဲ့တဲ့ နန်းကိန္နရီရဲ့ အဖြစ်အပျက်ကို ဘယ်လိုမှ စိတ်မကောင်းနိုင်ဘူးဆိုတာယုံပါ။ အို ကိုယ်ပြောခဲ့တဲ့ စကားတွေအတွက် သူ ဒီလိုဖြစ်သွားရတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး"

အကယ်၍ ယခင်ကသာ ကိုမောင်မောင်ဦးထံမှ သည်စကားမျိုးကြားရလျှင် ဒေါ်ရေနံ့သာခင်ခင်ကြီး တမင်မဟုတ်သည့်တိုင် မသိမသာ စောင့်ဆိုင်း နားထောင်မိဦးမည် ဖြစ်သည်။ စိတ်မပါသည့်တိုင် မလွှဲမကင်းသာ နားထောင်နေမိဦးမည် ဖြစ်သည်။

ယခုမူ မနည်းကြိတ်မှိတ် သည်းခံနေရသည့် အသွင်ရှိသည်။ လူကို အထင်မကြီးနိုင်တော့။ စိတ်တွင် နာကြည်းရခြင်း လှိုင်းတံပိုးတို့ ပြင်းပြင်းထန်ထန် ရိုက်ခတ်နေလေပြီ ဆိုသောအခါ ထိုစကားက အဘယ်မျှ ပျားသို့ချိုသည်ဆိုစေ သူ့အတွက် တမာထက်ပင် ခါး၍နေရပါချေပြီ။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လက်မှနာရီကို ဖျတ်ခနဲ ငုံ့ကြည့်လိုက်သည်။

"ရှင့်မှာ ပြောစရာကုန်ပြီ မဟုတ်လား" မေးသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးက သူ့စကားကို မည်သို့မျှ အလေးအနက် ရှိမနေကြောင်း တွေ့ရသည့်အခါ ကိုမောင်မောင်ဦး စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

"တကယ်တမ်း ပြောရမယ်ဆိုရင် ညီမကိုပြောချင်စရာစကားတွေ ကိုယ့်မှာတစ်ပုံကြီးပါ။ ရင်နဲ့တစ်လုံးဆိုတာလိုပေါ့။ တစ်ညလုံး ထိုင်ပြောရင်တောင် ကုန်မယ်မဟုတ်ပါဘူး"

ဒေါ်ရေနံ့သာခင်ခင်ကြီး သရော်ပြုံး ပြုံးလိုက်သည်။

"ကျွန်မ ဝမ်းနည်းပါတယ် ကိုမောင်မောင်ဦး၊ ကျွန်မမှာ လုပ်စရာတွေ တစ်ပုံကြီးပါ။ စီစဉ်စရာတွေ တစ်ထမ်းကြီးပါ။ ဒီတော့"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာထားမှာ တင်းမာလာသည်။ ခက်ထန်မာကျောလာသည်။ မျက်ဝန်းများသည် အေးစက်စက်နှင့် တောက်ပနေသည်။

" ဒီတော့ ကျွန်မလာရင်း ဒုတိယကိစ္စကို စကြရအောင်။ ရှင်နဲ့ ကျွန်မတို့ စာရင်းရှင်းကြရအောင်"

ပြောပြောဆိုဆိုမှာပင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လက်ပွေ့အိတ်အတွင်းမှ သေနတ်ကလေးကို ထုတ်ယူလိုက်သည်။ ပြောင်းဝကို ကိုမောင်မောင်ဦး၏ နှလုံးသားနှင့် တည့်မတ်စွာ ချိန်လိုက်သည်။ လက်မဖြင့် မောင်းထိန်းခလုတ်ကလေးကို တွန်းဖွင့်လိုက်သည်။

ကိုမောင်မောင်ဦးသည် သေနတ်ကို မြင်လိုက်ရသည့်အတွက် အံ့သြသွားသည်။ ထိတ်လန့်ဟန်ကိုကား မပြ။ နားမလည်နိုင်သလို သေနတ်ကိုတစ်လှည့်၊ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို တစ်လှည့် ကြည့်သည်။

"ဒါ၊ ဒါက ဘာသဘောလဲဟင်"

အထစ်ထစ် အငေါ့ငေါ့ မေးသည်။

"ကျွန်မတို့မှာ တခြားနည်းလမ်းနဲ့ ဖြေရှင်းစရာ မရှိတော့ဘူးဆိုတဲ့သဘောပေါ့။ ဒီလမ်းတစ်သွယ်ပဲ ကျန်တော့တယ်ဆိုတဲ့ သဘောပေါ့"

ကိုမောင်မောင်ဦး ပြုံးလိုက်သည်။ ရယ်မောလိုက်သည်။

ချက်ချင်းမှာပင် သူ၏မျက်နှာသည် တည်ကြည်လာသည်။

"ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတာတွေ လုပ်ချင်ရသလဲ ဟင်"

"ရှင့်အတွက် အဓိပ္ပာယ်မရှိပေမဲ့ ကျွန်မအတွက် အဓိပ္ပာယ်ရှိနေလို့ပေါ့"

ကိုမောင်မောင်ဦး သဘောကျသလို ရယ်လိုက်ပြန်သည်။

"ထားလိုက်စမ်းပါ။ သေနတ်ကို ပြန်သိမ်းလိုက်စမ်းပါ"

"ရှင် သေရမှာကိုတော့ အကြောက်တတ်သားပါလား ကိုမောင်မောင်ဦး၊ ရှင့်ကြောင့် အခုလောလောဆယ်မှာတင် လူတစ်ယောက် သေခဲ့တယ်။ နန်းကိန္နရီဟာ ရှင့်ကြောင့် သေခဲ့တယ်။ ရှင်နဲ့စာရင် သူဟာ လောကမှာ ဆက်ပြီးအသက်ရှင်ဖို့ အချိန်တွေ အများကြီး ရှိနေပါသေးတယ်။ ရှင့်ထက်လည်း အဖိုးတန်တဲ့ မိန်းမတစ်ယောက်ပါ ကိုမောင်မောင်ဦး။ နောက်တစ်ခုက ကျွန်မ။ ကျွန်မဟာ လှခဲ့ပါတယ်။ ဒါကို ကျွန်မ အပိုပြောတာမဟုတ်ပါဘူး။ တစ်ချိန်တုန်းက ဒီစကား ရှင့်ပါးစပ်က ထွက်ခဲ့ဖူးပါတယ်။ ကျွန်မဟာ ချမ်းသာကြွယ်ဝတယ်။ ဘာမဆို လိုလေသေးမရှိ ပြည့်စုံခဲ့တယ်။ ဒါပေမဲ့ ရှင့်ကြောင့် ကျွန်မဟာ လူသေ ဖြစ်ခဲ့ရတယ်။ ဘဝသက်တမ်း တစ်လျှောက်လုံး ဝမ်းသာပျော်ရွှင်ရမယ့်အစား ဝမ်းနည်းကြေကွဲမှုနဲ့သာ ထာဝရရင်ဆိုင်ခဲ့ရတယ်။ ရှင်ဟာ လူနှစ်ယောက်ကို သတ်ခဲ့ပြီးပြီပဲ ကိုမောင်မောင်ဦး၊ ကျွန်မရယ်၊ နန်းကိန္နရီရယ်၊ အခုတော့ ရှင့်အလှည့်လေ၊ အလှည့်ကျတော့ မန္တလေးကြိစတမ်းဆိုတာလို ယောကျ်ားတစ်ယောက်ပီပီ သေမင်းနဲ့ လှလှပပ ရင်ဆိုင်စမ်းပါရှင်"

ကိုမောင်မောင်ဦး၏ မျက်နှာသည် တစ်စထက် တစ်စ ပြန်လည်တည်ငြိမ်လာပြန်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားများက သူ့မာနကိုသော်လည်းကောင်း၊ သူ့စိတ်သန္တာန်ကို သော်လည်းကောင်း ထိခိုက်သွားစေနိုင်ဟန် တူသည်။

သူ၏မျက်နှာသည် ဖြူဖျော့သည်ထက် ဖြူဖျော့လာသည်။

"ကိုယ့်ကို သေရမှာကြောက်တဲ့လူလို့ ထင်ခဲ့ရင် မှားလိမ့်မယ်ညီမ။ ကိုယ် သေရမှာမကြောက်ပါဘူး။ လူဆိုတာ တစ်နေ့မဟုတ်တစ်နေ့ သေရမယ့်လူတွေပါ။ အထူးသဖြင့် ကိုယ်ဟာ သင်္ချိုင်းကို ခြေတစ်ဖက်လှမ်းနေတဲ့ လူပါ။ ရောဂါသည်ပါ။ မင်း မသတ်ခဲ့တဲ့တိုင် မကြာခင် အလိုလိုသေရမယ့်လူပါ။ အခုပြောနေတာက ကိုယ်မြင်သွားချင်တဲ့မျက်နှာ။ ကိုယ့်သမီးရဲ့ မျက်နှာကို မမြင်ရမှာတစ်ခုကိုပဲ ဝမ်းနည်းလို့ပြောနေတာပါ။ နောက်တစ်ခုက ညီမ။ ဟုတ်တယ် ညီမရဲ့။ ညီမအတွက် စိုးရိမ်လို့ပြောနေတာ။ ကိုယ်သေပြီးတဲ့ နောက်ပိုင်းမှာ ပြဿနာ တစ်ပုံတစ်ခေါင်းကြီးကို ညီမ ရင်ဆိုင်ရမှာ"

ကိုမောင်မောင်ဦး၏ စကားမဆုံးမီ ဒေါ်ရေနံ့သာခင်ခင်ကြီး ဖြတ်ပြောသည်။

"ကျွန်မအတွက်တော့ ဒုက္ခရှာပြီး ပူမနေစမ်းပါနဲ့ ကိုမောင်မောင်ဦးရယ်။ စင်စစ်ကတော့ ကျွန်မကိုယ်တိုင်ဟာလည်း လောကမှာ သိပ်ကြာကြာ မနေချင်လှတော့ပါဘူး။ ကျွန်မထိုက်နဲ့ ကျွန်မကံပါ"

ကိုမောင်မောင်ဦး၏ အကြည့်သည် ရီဝေလာသည်။ မျက်ဝန်း၌ မျက်ရည်ကြည် ရစ်ဝဲလာသည်။

သူသည် စိတ်လှုပ်ရှားခြင်းကိုလည်း ခံစားလာရဟန်တူသည်။ ဝမ်းနည်းကြေကွဲရခြင်းတို့သည်လည်း ပေါ်ပေါက်လာရဟန်တူသည်။

"ညီမ တကယ် ဆုံးဖြတ်ထားပြီးပြီလား ဟင်"

သူ၏အသံသည် ဆို့နင့်ကြေကွဲလာလေသည်။

"ကျွန်မ အကြိမ်ကြိမ် စိတ်ဆုံးဖြတ်ပြီးမှ ရှင့်ဆီရောက်လာရတာပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အသံမှာ မာကျောဆဲ၊ တင်းမာဆဲ။ ခက်ထန်ဆဲ။

"ဆုံးဖြတ်ချက်ကို ဘယ်လိုမှ မပြင်တော့ဘူးပေါ့"


ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ့်ရဲ့သွေးနဲ့ ပေးဆပ်မှ မင်းရဲ့ဝဋ်ကြွေးတွေ ကုန်စင်မယ်ဆိုရင် ပေးဆပ်ဖို့အသင့်ပါ ညီမရယ်။ အဲဒီလိုဆိုရင် ကိုယ့်အသက်ကို စွန့်ရဖို့လည်း ဘယ်လိုမှ ဝန်မလေးပါဘူး။ ကိုယ်သိပါတယ်။ မင်းရဲ့ စိတ် ဘယ်လိုရှိခဲ့တယ်ဆိုတာ သိခဲ့တယ်။ ပျော့စရာရှိရင် အစွမ်းကုန်ပျော့တတ်သလောက် မာစရာရှိရင် မင်းရဲ့နှလုံးသားတွေဟာ သံခဲတွေလို တင်းမာတယ်ဆိုတာ အရင်ကတည်းက ရိပ်စားမိခဲ့ပါတယ်။ မင်းရဲ့ စိတ်ကြိုက်အတိုင်း ရှိပါစေတော့ ညီမ။ တစ်ခုပဲရှိပါတယ်။ တစ်ခါမှ မမြင်ဖူးသေးတဲ့ သမီးကလေး အတွက် ကိုယ်တော့ အသေဖြောင့်နိုင်လိမ့်မယ် မထင်ဘူး။ တစ်ဆက်တည်းမှာပဲ ကိုယ့်အပေါ် အခုထက်ထိ မင်းအထင်မှားဆဲ ရှိနေသေးတဲ့အတွက် ကိုယ်ဝမ်းနည်းပါတယ်။ ထားပါတော့လေ။ တမလွန် တစ်ဘဝဆိုတာ ရှိပါစေလို့ ကိုယ်ဆုတောင်းတယ်။ ရှိခဲ့မယ်ဆိုရင် အဲဒီကနေ အရာအားလုံးကို ဖြေရှင်းဖို့ ကိုယ်စောင့်နေပါမယ်"

ကိုမောင်မောင်ဦးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ခပ်လှမ်းလှမ်းသို့ထွက်သွားသည်။ ကျောပေး၍ ရပ်လိုက်သည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ကျွန်မ လာရင်းဒုတိယကိစ္စကို စကြရအောင်။ ရှင်နဲ့ ကျွန်မတို့ စာရင်းရှင်းကြရအောင်" ပြောပြောဆိုဆိုမှာပင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လက်ပွေ့အိတ်အတွင်းမှ သေနတ်ကလေးကို ထုတ်ယူလိုက်သည်။ ပြောင်းဝကို ကိုမောင်မောင်ဦး၏ နှလုံးသားနှင့် တည့်မတ်စွာချိန်လိုက်သည်။ လက်မဖြင့် မောင်းထိန်းခလုတ်ကလေးကို တွန်းဖွင့်လိုက်သည်။ ကိုမောင်မောင်ဦးသည် သေနတ်ကို မြင်လိုက်ရသည့်အတွက် အံ့သြသွားသည်။ ထိတ်လန့်ဟန်ကိုကား မပြ။ နားမလည်နိုင်သလို သေနတ်ကို တစ်လှည့်၊ ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်နှာကို တစ်လှည့် ...**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း

### သမိုင်းအထောက်အထား အရင်းအမြစ်များရှာဖွေခြင်း သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သောစာတမ်းများ




မြန်မာသမိုင်းပြုစုလေ့လာရာတွင် အချက်အလက် အထောက်အထားများသည် အရေးပါပေသည်။ အချက်အလက် အထောက်အထားများ မှန်ကန်ပြည့်စုံမှုရှိပါက စာအုပ်တန်ဖိုး မြင့်မားပေသည်။ အချက်အလက်အထောက်အထားဟု ဆိုရာတွင် မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထား ဟူ၍ ရှိလေရာ မူရင်းအထောက်အထားကို အသုံးပြု၍ ရေးသားပြုစုသော စာတမ်းစာအုပ်များသည် ခိုင်မာစိတ်ချရသော စာအုပ်စာတမ်းများ ဖြစ်ပါသည်။ အချက်အလက် အထောက်အထား သစ်များ တွေ့ရှိရလေတိုင်း သမိုင်းကို ပြင်ဆင်ဖြည့်စွက်ရမြဲဖြစ်သည်။ သို့အတွက် အချက်အလက် အထောက်အထားသစ်များ ရရှိရလေရန် ကွင်းဆင်းသုတေသနပြုမှုများ မူရင်းအထောက်အထားများကို ရှာဖွေ၍ စာတမ်းစာအုပ်များကို ပြုစုရေးသားရပါသည်။ ယခု သမိုင်းအထောက်အထား အရင်းအမြစ်များရှာဖွေခြင်း သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော စာတမ်းများတွင် အချက်အလက် အထောက်အထားများ အရင်းအမြစ်သဖွယ် အရေးပါသည်ကို တွေ့ရှိဖတ်ရှုနိုင်ပါသည်။ **တန်ဖိုးငွေကျပ် – ၂၅၀၀/–**

---

### ဦးသန်းဆွေ၏ လက်ရွေးစင်စာတမ်းများ




မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆွေ၏ လက်ရွေးစင် စာတမ်းများစာအုပ်တွင် ကိုယ်တွေ့မေးမြန်းချက်များနှင့် ကွင်းဆင်းသုတေသနပြု၍ ရရှိလာသော အချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး ပြုစုရေးသားခဲ့သော စာတမ်းများဖြစ်သည့် Early Konbaung, Dawei and Thailand စာတမ်း၊ The Restoration of Monarchy during the Japanese Occupation စာတမ်း၊ Vignettes of the Konbaung Dynasty: 1885–1945 စာတမ်း၊ Historical Sites in Lower Myanmar: World War II and Today စာတမ်း၊ ထားဝယ်မြစ်ရိုး တစ်လျှောက် မြို့ဟောင်းများမှ သာဂရနှင့် မုတ္တီးစာတမ်း၊ ဇာတ်သဘင်မှ နတ်ကတော်နှင့် အပျိုတော်ကခန်းစာတမ်း၊ ပယ်ပုံတော်ကျောက်စာနှင့် ပယ်ပုံတော်ဝင်းစာတမ်း၊ လက်ပန်စဉ် မိဖုရားဆုတောင်းစာ စာတမ်း၊ မိန်းမစိုး စာတမ်း၊ ရတနာပုံခေတ် လေးကျွန်းအောင်မြေ နန်းမြို့တော်၏ မြို့ကွက်သုတေသနစာတမ်း၊ ပါတော်မူ သျှိုးလိုက်ရတု၊ ဝက်မစွတ်ဝန်ထောက် နေ့စဉ်မှတ်တမ်း တတိယတွဲ (၁၈၉၄–၁၈၉၈) ရှင်းတမ်းစာတမ်း၊ တနင်္သာရီတိုင်း၏ ရော်ဘာနိဒါန်းစာတမ်း၊ ကျွန်တော့်ဆရာ သမိုင်းပညာရှင် ဖေယျကျော်ထင် ဗိုလ်မှူးကြီး ဘရှင် ရာပြည့်စာတမ်းတို့ကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။ **တန်ဖိုးငွေကျပ် – ၂၅၀၀/–**

---

### ဦးစံဝင်း၏ လက်ရွေးစင်စာတမ်းများ




မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်ဦးစံဝင်း၏ လက်ရွေးစင်စာတမ်းများ စာအုပ်တွင် ဦးစံဝင်း၏ သုတေသနခရီးတစ်လျှောက် ကွင်းဆင်း သုတေသနပြုခြင်းအပေါ် အခြေခံ၍ ရေးသားပြုစုထားသော စာတမ်းများဖြစ်သည့် ပါဒမြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ မုတ္တမမြို့ဟောင်းများ၊ ဂဝံမြို့တော်ဟောင်းများနှင့် ဂဝံယဉ်ကျေးမှု၊ စမ္ဗာနဂိုရ်–လကွန်း ဗျည်း၊ သဲကုန်းမြို့ဟောင်း၊ တိုက်ကုလား မြို့ဟောင်း၊ ဘားပြလိုဏ်ဂူ ကျောက်စာလေ့လာချက်၊ ဘုရားထောင် ပျူကျောက်စာ၏ ရက်စွဲ၊ လက်ရေးစင်းအုတ်ချပ်ဓလေ့နှင့် ပျူယဉ်ကျေးမှု အစရှိသည့် သုတေသနစာတမ်း(၁၀)စောင်ကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**တန်ဖိုးငွေကျပ် – ၃၀၀၀/–**

---

### ဌာနတွင်းစွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများ အတွဲ(၄)




ဤဦးစီးဌာနသည် မြန်မာသမိုင်းအဖွဲ့နှင့် တွဲဖက်၍ သမိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာသမိုင်းအဖွဲ့ဝင်ပညာရှင်များက ဌာနမှ သုတေသနဝန်ထမ်းများ၏ ဌာနတွင်း စွမ်းရည်မြှင့်တင်ရေးအတွက် သမိုင်းအသိပညာဖြန့်ဝေပေးခြင်းနှင့် စာတမ်းဖတ်ကြားဆွေးနွေးဟောပြောခြင်းတို့ကို ၂၀၁၅ ခုနှစ်မှစ၍ ကျင်းပလာခဲ့ရာ ယခုထုတ်ဝေသည့် အတွဲ(၄) စာအုပ်တွင် ၂၀၁၈ ခုနှစ်အတွင်း မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။ **တန်ဖိုးငွေကျပ် – ၂၀၀၀/–**

ဤစာအုပ်များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း ၀၆၇–၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇–၄၁၈၄၂၆၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဖုန်း ၀၁–၃၉၅၁၉၀၊ ၃၉၅၁၉၂ နှင့် အမှတ်(၈၅) အေ၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း ၀၉၄၂၀၄၇၁၂၄ တွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

○ **လက်ရှိချန်ပီယံမှ**

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာနှုန်းပြည့်အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ သို့သော် အား/ကာသိပွံ့အသင်း၏ ရုန်းကန်အားနှင့် ကစားပုံကြောင့် ရှမ်းယူနိုက်တက်အသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

**ပါဝင်ကစားခဲ့**

ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားအဖြစ် မတ်ခ်ဆာကီ တစ်ဦးတည်းသာပါဝင်ခဲ့ပြီး ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ အောင်လှိုင်ဝင်း၊ ရဲမင်းသူတို့ ပါဝင်ကစားခဲ့သည်။ အား/ကာသိပွံ့အသင်းတွင်မူ ဇင်ရဲနောင်၊ ဇင်ညီညီအောင်(ဂိုး)၊ လင်းထက်စိုး၊ ခင်ကျော်ဝင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ အား/ကာသိပွံ့အသင်းသည် ခံစစ်မကစားဘဲ အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့သဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး အပြန်အလှန်သွင်းဂိုးများ တွေ့မြင်ခဲ့ရသည်။

ပွဲအစ ခုနစ်မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ပင်နယ်တီမှတစ်ဆင့် နန္ဒကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် အား/ကာသိပွံ့အသင်းက ချေပဂိုးရရန် တောက်လျှောက်ဖိအားပေးခဲ့ပြီး အသင်းလိုက်ကစားပုံကောင်းမွန်မှုကြောင့်လည်း ရှမ်းယူနိုက်တက်ခံစစ် ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် အား/ကာသိပွံ့အသင်း ချေပဂိုးပြန်ရခဲ့ပြီး မင်းမြတ်စိုးက သွင်းယူခဲ့သည်။

**အပြန်အလှန်ကစားနိုင်ခဲ့**

ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၅၆ မိနစ်တွင် နန္ဒကျော်က ရှမ်းယူနိုက်တက်အတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သော်လည်း ၆၃ မိနစ်တွင် မင်းမြတ်စိုးကပင် အား/ကာသိပွံ့အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ အား/ကာသိပွံ့အသင်းအနေဖြင့် ဂိုးထပ်မပေးရရန် ကြိုးပမ်းခဲ့သော်လည်း ၈၃ မိနစ်တွင် ဂိုးထပ်မံခွင့်ပြုခဲ့ရပြီး ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး ဆန်းဒေးမက်သယူးက သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ရှမ်းယူနိုက်တက်အသင်းသည် လေးပွဲစလုံး အနိုင်ရကာ ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး အား/ကာသိပွံ့အသင်းမှာမူ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ခြောက်မှတ်ရရှိထားသည်။ ဇူလိုင် ၁၉ ရက်တွင် ပွဲစဉ်များမရှိဘဲ ပွဲစဉ်(၄) လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၂၀ ရက်တွင် ဧရာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇူလိုင် ၂၁ ရက်တွင် မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၈၊မြေကွက်အမှတ်–၄၉၈၊ မြေကွက်တည်နေရာအမှတ်(၄၉၈)၊မြတ်မင်္ဂလာလမ်း၊(၃၈)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးအုန်းရွှေ(OPO-၀၅၆၉၁၅)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအားမြေအမည်ပေါက်(ဖခင်)ဦးအုန်းရွှေသည်(၂၅-၅-၂၀၀၅)ရက်နေ့နှင့် (မိခင်)ဒေါ်ခင်ငွေးသည်(၂-၁-၁၉၉၀)ရက်နေ့တို့တွင်ကွယ်လွန်သဖြင့်ဒေါ်မင်းမင်းသန်း(၁၂/ဒဂမ(နိုင်)၀၀၇၉၆၃)၊ဒေါ်သဇင်(၁၂/ဒဂမ(နိုင်)၀၁၀၃၃၂)၊ဒေါ်ဝေဝေမိုး (၁၂/ဒဂမ(နိုင်)၀၁၂၈၆၂)၊ဦးဝေဖြိုး(၁၂/ဒဂမ(နိုင်)၀၁၁၈၉၅)တို့မှသားသမီးအရင်းတော်စပ်ကြောင်းနှင့်၎င်းတို့မောင်နှမ(၄)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းနှင့်ကတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊၎င်းတို့မှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ဖခင်)ဦးအုန်းရွှေ၏သေဆုံးမှုလက်မှတ်၊(မိခင်)ဒေါ်ခင်ငွေး၏သေစာရင်းသွင်းမိတ္တူမှန်၊အိမ်ထောင်စုလူဦးရေစာရင်းနှင့်(ဂရန်)တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ၊မြေရာဇဝင်လျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ အမှတ်–၁၃၁၆/ခ၊ ထူပါရုံ(၈)လမ်း(အရှေ့)၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁/ထူပါရုံ)မြေကွက်အမှတ်–၁၃၁၆/ခ၊ ဧရိယာ(၂၀'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်မင်းမင်းမြတ်[၁၂/မရက(နိုင်)၀၇၉၅၆၃]အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး မြေအမည်ပေါက်မှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှဝေ(စဉ်–၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**




## အများသိစေရန်ကြေညာခြင်း

ကျွန်တော်များ Garmanit Services Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၃၆၀၂၉၄၇)နှင့် Garmanit Zay Ya Services Co., Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၃၅၄၉၀၈၇)တို့သည် အောက်ဖော်ပြပါ ဖောင်းကြွစာလုံး Letter Head Logo အသစ်နမူနာပုံစံကိုသာ (၁၉-၇-၂၀၂၂)ရက်မှစ၍ ပြောင်းလဲအသုံးပြုတော့မည်ဖြစ်ကြောင်း ကုမ္ပဏီ၏မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာအပ်ပါသည်။

GARMANIT SERVICES CO., LTD | GARMANIT ZAY YA SERVICES CO., LTD

**Garmanit Zay Ya Services Co., Ltd**
**Garmanit Services Co.,Ltd**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉/B ရပ်ကွက်၊ အကောက်ခွန်(၆)လမ်း၊ အမှတ်(၁၇၃)၊ အကျယ်အဝန်းပေ(၄၀x၆၀)အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးမြေစာရင်းဦးစီးဌာနတွင် ဒေါ်လှလှဝင်း အမည်ပေါက်ဖြင့် တည်ရှိသော မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံအဆိုပြုလာသူ ဒေါ်ခင်ထွေးမွန် [၁၂/တမန(နိုင်)၀၀၃၅၄၁]ထံမှ ဝယ်ယူထားသူ ကျွန်မ ဒေါ်ခင်ခင်စီ [၁၃/တကန(နိုင်)၃၇၁၈၄၅]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချသည့်မြေကွက်နှင့် အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါ အပြီး(၇)ရက်အတွင်း ကျွန်မထံသို့ စာရွက်စာတမ်း၊ စာချုပ်မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်စီ [၁၃/တကန(နိုင်)၃၇၁၈၄၅]**
**ဖုန်း-၀၉-၇၇၁၉၉၅၈၈၈**
**အမှတ်(၁၉၆)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊**

---

## "ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မင်းရဲကျော်စွာ(၁၀)လမ်း၊ (၃)ရပ်ကွက်၊ မြေကွက်အမှတ်-၂၁၀၊ အကျယ်အဝန်း(၄၀'x၆၀')အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀'x၆၀')ရှိ (ဂရန်မူရင်းခြမ်း) မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်သင်းကြိုင်(NPW-018399)(ကွယ်လွန်)နှင့် ဒေါ်မြင့်မြင့်ကြည်[၁၂/ကမရ(နိုင်)၀၀၇၈၆၀]တို့အမည်ဖြင့် အမည်ပေါက်မှတ်သား တည်ရှိပြီး အမည်ပေါက် ဒေါ်မြင့်မြင့်ကြည်ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဒေါ်မင်းမင်းစိုး[၁၄/ဘကလ(နိုင်)၁၉၃၀၉၁]က စရန်ငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွန်း**
**(LL.B,D.B.L, D.I.R)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၈၈၄)**
**အမှတ်(၅၉၂)၊ (၇)လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-953499790,09-987765815**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(11) G-1၊ မြေကွက်အမှတ်-၁၁၅၊ မြေအကျယ်အဝန်း (အလျား ၄၈ပေ x အနံ ၁၃ပေ)၊ နှစ်(၉၀) ဂရန်မြေအမျိုးအစားနှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်-၉(A)၊ ဖို့မြေလမ်းဟုခေါ်တွင်သော မြေကွက်နှင့်သွပ်မိုး၊ အုတ်ကာအိမ်တစ်လုံး အပါအဝင်၊ ၎င်းမြေနှင့်အိမ် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၈-၇-၁၉၈၀) ခုနှစ်ကတည်းက ဦးမောင်မောင်လေး [၁၂/မဂတ(နိုင်)၀၆၈၃၀၀] ကိုင်ဆောင်သူက လက်ရှိထားပိုင်ဆိုင်ခဲ့ပြီး၊ တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ တစ်ဝက်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုင်းပြည့်ဖြိုးဝေ(LL.B)** | **ဒေါ်ချိုသဥ္ဇာအေး(LL.B)** |
| **(စဉ်-၄၂၉၈၀)** | **(စဉ်-၄၅၇၉၆)** |

**အထက်တန်းရှေ့နေများ**
**ရုံး-အမှတ်-၂၂၅(ပထပ်)၊ ၃၅-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၃၃၉၉၄၊ ၀၉-၄၄၀၇၂၈၂၈၄၊ ၀၉-၂၆၂၁၇၄၇၀၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၄၈၂)၊ ဧရိယာ(အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလင်းအောင်[၉/ခအဇ(နိုင်)၀၁၅၅၄၇]အမည်ပေါက်ဖြစ်ပြီး ယင်းမြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ (မြေကွက်အမှတ်-၁၄၈၃ နှင့်ကပ်လျက်အခြမ်း) မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးလင်းအောင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်(၁၁၃၉၈/၂၀၂၂) ရရှိထားသူ၊ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသူရကျော်[၁၂/ဒဂတ(နိုင်)၀၈၀၁၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့် ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၆၅)**
**အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်း ၁၀၂(အေ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၃၀၅၀**

---

## စက်မှုဇုန်မြေနှင့် အဆောက်အဦရောင်းမည်

စက်မှုအလုပ်ရုံ နှစ်(၆၀)ဂရန်မြေ ပေ(၂၀၀x ၁၄၀) အဆောက်အဦ အပြည့် 315 KVA Transformer, 3 Ton Gantry Crane, ရုံး ပေ(၄၀x ၄၀) Steel Structure (၃)ထပ်၊ လူနေအိမ် ပေ(၂၀x ၃၀) RC (၂)ထပ်၊ ပါဝင်သည်။ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံစက်မှုဇုန်၊ (၁၉)ရပ်ကွက်၊ ကနောင်လမ်းသွယ်(၂) ရောင်းမည်။ (ညှိနှိုင်းဈေး)

**Ph:09-5009843, 09-960027767, 09-261040991**

---

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၉၅၂) (က)၊ အင်းဝ(၇)လမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုးပျဉ်ထောင်နှစ်ထပ်အိမ်နှင့် နှစ်(၆၀) မြေငှားဂရန်သည် ဒေါ်စန်း [၁၂/ဥကတ(နိုင်)၀၀၉၃၀၀]အမည်ပေါက်သောမြေကွက်ဖြစ်ပြီး ဒေါ်စန်း ကွယ်လွန်ခဲ့သဖြင့် ၎င်းတို့၏သား၊ သမီးမြေးများဖြစ်ကြသော ၁။ ဒေါ်သန်းသန်းအေး (ကွယ်လွန်)၊ ၂။ ဒေါ်တင်တင်လှ၊ ၃။ ဒေါ်လှလှမြင့်(ကွယ်လွန်)၊ ၄။ ဒေါ်တင်တင်ဝင်း၊ ၅။ ဦးကြည်ဟန် (ကွယ်လွန်)၊ ၆။ ဒေါ်သန်းသန်းမော် (ကွယ်လွန်) ၇။ဒေါ်ဥမ္မာတို့မှ မိမိတို့သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ကြပြီးဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံကြလျက် မိသားစု သဘောတူညီ အမွေဝေစုခွဲဝေကြရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာ [၁၂/ဥကတ(နိုင်)၁၃၆၄၀၈]က အမွေရှင်များအား ငွေသားပြန်အမ်းပြီး အဆိုပါမြေကွက်နှင့်အိမ်၏ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား လွှဲပြောင်းယူမည်ဖြစ်သည့်အတွက် အမွေရှင်တို့အား ငွေကြေးတချို့တစ်ဝက် ပေးထားပြီးဖြစ်သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်နောက်ပိုင်း အပြီးသတ်ငွေပေးချေပြီး အမွေဆိုင်အိမ်နှင့် မြေ၏ပိုင်ဆိုင်မှုအား ဥပဒေနှင့်အညီ လွှဲပြောင်းရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဝတ်ရည်ဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၅၄/၂၈-၁၂-၂၀၁၆)**
**B(12) (102)၊ ဗိုလ်မင်းရောင်အိမ်ရာ၊**
**၄၂ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-420080524**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ မြေကွက်အမှတ်(၁၂၆၆/ခ)၊ အောင်သုခ(၂၅)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးရဲလင်းအောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးရဲလင်းအောင် [၇/အတန(နိုင်)၀၅၉၀၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၀၄)၊ အင်းဝလမ်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်စန်းစန်းဝင်း ပိုင်ဆိုင်သော နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်စန်းစန်းဝင်း[၁၂/ကမတ(နိုင်)၀၆၁၁၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

---

**ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃-ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (အထက်ဘလောက်)၊ အမှတ်(၂၇၈/၃၀၀)တွင် ဆောက်လုပ်ထားသည့် ဇီဇဝါအိမ်ရာတိုက်ခန်းမှ တိုက်ခန်းအမှတ်(၈/စီ)၊ သတ္တမထပ်Liftပါ၊ အကျယ်အဝန်း(၂၅'x၆၀')ရှိ တိုက်ခန်း ပိုင်ဆိုင်မှုနှင့် ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးမျိုးမြင့်အောင်[၁၂/ဒဂရ(နိုင်)၀၀၂၅၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့် (LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း-ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ ဦးပိုင်အမှတ်(ဇ-၁)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဦးသောင်းရှိန် အမည်ပေါက် မြို့မြေကွက်အား ဦးနိုင်ဦး(ဘ) ဦးဖိုးသိန်း[၉/လဝန(နိုင်)၂၇၈၂၀၄]မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများ တင်ပြပြီး အဆောက်အဦဆောက်လုပ်ခွင့် ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၀၁)အား အမည်ပေါက် ဗိုလ်မှူးကြီး အောင်လွင် [၅/ကလထ(နိုင်)၁၂၉၇၃၆]ထံမှ ဦးသူရကို [၁၂/သဃက(နိုင်)၁၄၅၄၅၄]နှင့် ဒေါ်ယဉ်မင်းအေး [၁၄/ဟသတ(နိုင်)၁၉၉၇၁၇]တို့က ဝယ်ယူပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၁)၊ (၉)ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၂၉၇/ခ)ဟုခေါ်တွင်သော ဦးအလီများ အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ်အဝန်းအလျား(၂၀)ပေx အနံ(၆၀)ပေမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးအောင်ကျော်ဆန်း[၁၂/ရပသ(နိုင်)၀၅၈၅၆၅] ကိုင်ဆောင်သူသာ လက်ရောက်ပိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းပွင့်ဦး [၉/မဟမ(နိုင်)၀၁၇၄၈၅]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းပွင့်ဦး** | **ဒေါ်ဖြူဝေဝေအောင်(LL.B, D.B.L)** |
| | **အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀)** |
| | **အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၅၂၄၁၆၃၀၉၊ ၀၉-၇၇၇၂၉၁၇၇၅** |

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ တိုက်အမှတ် (၄၉၀/က+ခ)၊ ဆဋ္ဌမထပ်၊ (၇)လွှာ(7B) တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟုအဆိုပြုသူ **ဒေါ်ရတနာဇော်ဝင်း [၁၂/စခန(နိုင်)၀၆၇၀၁၄]** မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးဆန်းညီညီလတ်၊ ဒေါ်စောရတနာလင်း** တို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဆန်းညီညီလတ်၊ ဒေါ်စောရတနာလင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး (LL.B, D.B.L, D.M.L)** | **ဒေါ်ခင်ခင်ဆွေ (LL.B)** | **ဒေါ်အိအိပိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်။ ၀၉-၄၂၀၀၁၃၅၈၈, ၀၉-၇၉၉၂၄၇၇၆၃**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၅၄)၊ မြေ အကျယ်အဝန်း (၄၀ပေ၆လက်မ x ၆၀ပေ)၊ ဧရိယာ (၀.၀၅၆)ဧက၊ (၂၄၃၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်မေမေတင် (BQ-၀၁၂၆၉၂)** [၁၂/အစန(နိုင်)၁၅၉၇၅၀]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးမောင်မြင့် [၁၄/ပသန(နိုင်)၀၁၆၂၁၅]သည် "(၅-၂-၂၀၀၃)ရက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးမောင်မြင့်မှာကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီး **ဒေါ်အေးသန်း [၁၄/ပသန(နိုင်)၀၁၆၂၁၆]** မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄-ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ပေါက်မြို့နယ် ကျောက်အိုးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များ PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်း အများပြည်သူ လုံခြုံအေးချမ်းမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီခန့်တွင် ကျောက်အိုးကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက နေအိမ်များကို မီးရှို့ဖျက်ဆီးနေကြောင်း ပြည်သူအချို့၏ သတင်းပေးပို့မှုအရ သွားရောက်ခဲ့ရာ ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်အလုံး ၈၀ ခန့်မှာ မီးလောင်ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳



ပေါက်မြို့နယ် ကျောက်အိုးကျေးရွာရှိ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။

**ယနေ့ ဖတ်စရာ**

**အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်ကြပါစို့**

ဆောင်းပါး စာမျက်နှာ – ၆

**ရှားမြေတွင်ပွင့်လန်းလာသည့် ထေရဝါဒဗုဒ္ဓဘာသာ သာသနာ ရောင်ဝါအလင်းတန်း**

ဆောင်းပါး စာမျက်နှာ – ၈၊ ၉

**လူငယ်နှင့် ဘဝအောင်မြင်ရေး**

စာမျက်နှာ – ၁၈၊ ၁၉

## (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၈

ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပမည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပပုံများကို နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV HD၊ MWD HD၊ MWD Variety HD၊ MRTV News၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေးFM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြားFM၊ FM ပုဂံ၊ ချယ်ရီ FMနှင့် Star FM တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ပထမဆုံးအကြိမ် လက်နက်၊ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၈

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပထမဆုံးအကြိမ် **လက်နက်၊ ခဲယမ်း**များနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား ကြိုဆိုလက်ခံ၍ **လက်နက်၊ ခဲယမ်း**များလွှဲပြောင်း လက်ခံရယူပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ●

## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း လေးပွဲဆက် အနိုင်ရ

ရန်ကုန် ဇူလိုင် ၁၈

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) တတိယနေ့ကို ဇူလိုင် ၁၈ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပွဲအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၈

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖